ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ ကြာသပတေးနေ့၊ (2-2-2006) (၄၅၅၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အစိုးရ၊ ပြည်သူ၊ တပ်မတော် ပူးပေါင်းပြီး နိုင်ငံတည်ဆောက်ရေး ကြိုးပမ်းဆောင်ရွက်နေ ပြည်ပမီဒီယာများက နည်းပညာကွာဟမှုကိုအခွင့်ကောင်းယူပြီး မဟုတ်မမှန် ရေးသားထုတ်လွှင့်

ပကတိဖြစ်ရပ်မှန်ကို သိရှိစေရန် အသင်းကြီးအနေဖြင့် ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၃) ဆင်းပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ် ခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာ သင်တန်း အမှတ်စဉ်(၃) ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြများ၊ အသင်းဌာနချုပ်မှ တာဝန်ရှိသူများ၊ ဒေသရေးရာညှိနှိုင်းရေးမှူးများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို အမျိုးသားရေးတာဝန်ထမ်းဆောင်မည့် မျိုးဆက်သစ် လူငယ်များအား မဏ္ဍိုင်ပြုပြီး ရည်ရွယ်ချက် (၅)ရပ်၊ အခြေခံမူ(၅)ရပ်၊ ကတိသစ္စာ(၄)ချက်၊ ကျင့်ဝတ်(၁၁)ပါး၊ တာဝန်ဝတ္တရား (၁၄)ချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြောင်း။

အသင်းကြီး၏စီမံရေး၊ စည်းရုံးရေး၊ လေ့ကျင့်ရေးများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရင်း နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး လက်တွေ့ကျသော အကျိုးပြု လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့်အတွက် အသင်းကြီး၏ ရပ်တည်ချက်၊ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များသည် လူငယ်များအတွင်း၊ ပြည်သူများအတွင်း

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✧

☆ အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး အခြေခံရမည့် မူများကို ညှိနှိုင်းဆွေးနွေး ချမှတ်နေ။

☆ အမျိုးသားညီလာခံ အောင်မြင်မှ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအောင်မြင်နိုင်မည်။

☆ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ထူထောင်သွားရမည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂-၂-၂၀၀၆
(ကြာသပတေးနေ့)

သီးထပ်စိုက်ခွင်းအားမြှင့်တင်

လယ်ယာကဏ္ဍထုတ်လုပ်မှုမြင့်မားရေးကြိုးပမ်း

ဧရာဝတီတိုင်းသည် ရေမြေရာသီကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းသော ဒေသဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူအများစားဝတ်နေရေးဖူလုံရေးအတွက်သာမက အမျိုးသားစီးပွားရေးဘဝတောင့်တင်းခိုင်မာရေးအတွက်ပါ ပဓာနကျသော အရင်းအမြစ်တစ်ခုဖြစ်သည်။

ဒေသတစ်ခုချင်းအနေဖြင့်ကြည့်ပါက စိုက်ပျိုးရေးလုပ်ငန်းသည် စားနပ်ရိက္ခာဖူလုံပြည့်စုံရေးနှင့် ဒေသ၏စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းရေးကို အထောက်အကူပြုသည်။ ထို့အပြင် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်လာရေးအတွက်လည်း အခြေခံကောင်းတစ်ခုဖြစ်ပေသည်။

ထို့ကြောင့် နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များက စိုက်ပျိုးရေးကဏ္ဍအောင်မြင်ဖြစ်ထွန်းလာစေရန် လိုအပ်ချက်များကို အခါမလပ်ဖြည့်ဆည်းပေးလျက်ရှိသည်။ ခေတ်မီနည်းပညာရပ်များဖြင့် ပြုပြင်ဖန်တီးစိုက်ပျိုးရေး၊ သီးနှံစိုက်ခွင်းအားမြင့်မားလာရေး၊ သီးနှံအထွက်နှုန်းကောင်းမွန်ရေးတို့နှင့်စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာများကူညီပံ့ပိုးပေးလျက်ရှိနေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဇန်နဝါရီလ ၃၀ ရက်နေ့က ဧရာဝတီတိုင်းအတွင်းသွားရောက်၍ ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်) တံတားတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြည့်ရှုစစ်ဆေးခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ခရီးစဉ်အတွင်း ပုသိမ်မြို့အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာ၌ တိုင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံရာတွင် **မိမိတို့နိုင်ငံ၏ ပေါကြွယ်ဝသော မြေသယံဇာတများကို အပြည့်အဝ ဖော်ထုတ်အသုံးချနိုင်အောင်ကြိုးပမ်းကြရန်လိုကြောင်း၊ သီးနှံစိုက်ဧကတိုးချဲ့ခြင်း၊ သီးနှံအလိုက်တစ်ဧကအထွက်နှုန်း တိုးတက်စေခြင်း၊ သီးထပ်စိုက်ခွင်းအားမြှင့်တင်ခြင်းတို့ဖြင့် လယ်ယာကုန်ထုတ်လုပ်မှု အခြေအနေကိုတိုးတက်သည်ထက် တိုးတက်အောင် လုပ်ကိုင်သွားကြရမှာ ဖြစ်ကြောင်း** လမ်းညွှန်မှာကြားသွားသည်။

ဧရာဝတီတိုင်းသည် စိုက်ပျိုးရေးနှင့်ပတ်သက်၍ နိုင်ငံတော်ကအားထားရသည့်ဒေသဖြစ်သည်နှင့်အညီ မိုးစပါး၊ နွေစပါးအပါအဝင်အဓိကသီးနှံ ၁၀ မျိုး၊ အမယ်သစ်သီးနှံနှင့် နှစ်ရှည်သီးနှံများကိုလျာထားချက်အတိုင်း စိုက်ပျိုးလျက်ရှိသည့်အပြင် ခြံစည်းရိုးကြက်ဆူပင်ဧကငါးသိန်း စိုက်ပျိုးသွားရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ငါး၊ ပုစွန်၊ ကြက်နှင့် ဘဲမွေးမြူရေးလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းမွန်လျက်ရှိသည်။

ဧရာဝတီတိုင်းအတွင်း စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် အားထုတ်ကြိုးပမ်းလျက်ရှိရာ တစ်နှစ်ထက်တစ်နှစ်သီးနှံစိုက်ပျိုးမှုများ ပိုမိုမြင့်မားလာလျက်ရှိသည်။ ဧရာဝတီတိုင်း၏ မိုးစပါးစိုက်ပျိုးမှု တစ်ခုတည်းကိုပင်ကြည့်ပါက ဧက ၃၆ သိန်းကျော်ရှိသဖြင့် တစ်နိုင်ငံလုံး မိုးစပါးစိုက်ပျိုးမှု၏ ၂၅ ရာခိုင်နှုန်းကျော်ခန့်ရှိနေကြောင်း သိရသည်။

ယခုအခါ တိုင်းအတွင်း၌ ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင် အများအပြားကို ကျေးလက်ဒေသ ဥယျာဉ်ခြံမြေများနှင့် မြေလွတ်မြေရိုင်းများတွင်ပါ စိုက်ခင်းကြီးများ ထူထောင်စိုက်ပျိုးလျက်ရှိရာ မကြာမီကာလအတွင်းထွက်ရှိလာမည့် ဇီဝဒီဇယ်ဆီဖြင့် သီးထပ်သီးညှပ် စိုက်ပျိုးရေးလုပ်ငန်းများ၌ အပြည့်အဝ အသုံးပြုနိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်း၊ ခရိုင်၊ မြို့နယ်အသီးသီးမှ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများအနေဖြင့် တိုင်းအတွင်းရှိ မြေသယံဇာတများကို အပြည့်အဝအသုံးချ၍ သီးနှံစိုက်ဧကတိုးချဲ့ခြင်း၊ သီးနှံအလိုက်တစ်ဧကအထွက်နှုန်း တိုးတက်စေခြင်းနှင့် သီးထပ်စိုက်ခွင်းအားမြှင့်တင်ခြင်းတို့ဖြင့် လယ်ယာကဏ္ဍသီးနှံ ထုတ်လုပ်မှုများ တိုးတက်မြင့်မားလာအောင် ကြိုးပမ်းလုပ်ကိုင်သွားနိုင်ကြမည်ဟု ကြေးမုံကယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီဆောင်ရွက် ငွေကြေးခဝါချမှုတားဆီးရေးအမိန့်နှင့်ညွှန်ကြားချက်များ တိကျစွာလိုက်နာ

ရန်ကုန် ဖေဖော်ဝါရီ ၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၇၈)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါအစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်တို့မှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တိကျစွာလိုက်နာ

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ဘဏ်များအားလုံးသည် ယခင်အတွေ့အကြုံများအပေါ် အခြေခံပြီး ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်သွားကြရန်ဖြစ်ပြီး သတ်မှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းများ စဉ်ဆက်မပြတ် တိုးတက်ထွန်းကားစေရန်အတွက် ဘဏ်များတွင် Research & Development Section များထူထောင်ထားပြီး ဘဏ်လုပ်ငန်းဆိုင်ရာ ပြည်တွင်း၊ ပြည်ပသတင်းအချက်အလက်များနှင့် ပညာရပ်ဆိုင်ရာများကို ဆည်းပူးလေ့လာကြရန် လိုအပ်ကြောင်း၊ ငွေကြေးခဝါချမှုကာကွယ်တားဆီးရေးဆိုင်ရာ အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်ငန်းများကို တိကျစွာလိုက်နာဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ပါဝင်ဆွေးနွေး

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်တို့က ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဘဏ်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြရန်ရှိသည်များကို ဆွေးနွေးတင်ပြကြသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ၁၆ လက်မ ရုပ်မြင်သံကြားစက်တစ်လုံးကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လှိုင်က ဇန်နဝါရီ ၃၀ ရက်တွင် ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေး လက်ခံရယူစဉ်။

(မြို့နယ်ပြန်/ဆက်)

လက်မှတ်ရေးထိုး

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကွယ်လွန်သွားသော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံသမ္မတဟောင်း Dr.Johannes Rau အတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

(သတင်းစဉ်)

ဂျာမနီနိုင်ငံ သမ္မတဟောင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် ဖေဖော်ဝါရီ ၁

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းသည် ယနေ့နံနက်၁၁ နာရီ ၄၅ မိနစ်တွင် ဗဟန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်လမ်းရှိ ဂျာမနီသံရုံးသို့သွားရောက်၍ ဇန်နဝါရီ ၂၇ ရက်တွင် ကွယ်လွန်သွားသော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံသမ္မတဟောင်း Dr. Johannes Rau အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးသည်။ (သတင်းစဉ်)

✧ **အစိုးရ၊ ပြည်သူမှ**

စိမ့်ဝင်ပျံ့နှံ့ယုံကြည်သက်ဝင်ပြီး အသင်းကြီးနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာကြကြောင်း၊ လူတန်းစား အလွှာစုံ၊ နယ်ပယ်စုံ၊ ကဏ္ဍစုံကအသင်းဝင်အင်အား တိုးတက်များပြားလာပြီး ခိုင်မာတောင့်တင်းသည့် အမျိုးသားရေး အင်အားစုကြီးအဖြစ် ရပ်တည်ပြီး အမျိုးသားရေးတာဝန်များကို ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ဤသင်တန်းတွင် မီဒီယာလုပ်ငန်း စိတ်ဝင်စားပြီး အလားအလာရှိသည့် အသင်းဝင်လူငယ်များကို စုစည်းပြီး ယုံကြည်ချက်၊ ခံယူချက်မြင့်မားခိုင်မာစေရန် မီဒီယာထိုးစစ်များအပေါ် ပြန်လည်ထိုးနှက်ချေပနိုင်စေရန် နယ်မြေအလိုက် ပြည်သူများ၏ဆန္ဒ၊ တွေ့ကြုံနေရသည့်အခက်အခဲ၊ ဖြစ်ပေါ်နေသည့်အခြေအနေမှန်များကို သိရှိပြီး ကူညီဆောင်ရွက်နိုင်စေရန် မဟုတ်မမှန် ထိုးနှက်ချက်များ၊ ကောလာဟလများ တန်ပြန်ချေဖျက်နိုင်စေရန် လူကဲခတ်နည်း၊ လူထုလူတန်းစား အလွှာ နယ်ပယ်အလိုက် စည်းရုံးဆောင်ရွက်သွားရေး၊ ဝါဒဖြန့်ချိရေးနည်းနိဿယဖြင့် သတင်းအရေးပါမှု၊ သတင်းအစီရင်ခံရေး၊ သတင်းအသုံးပြုရေး၊ သတင်းလုံခြုံရေး ဆွေးနွေးပို့ချခဲ့ကြောင်း၊ ကင်မရာ၊ ဗီဒီယိုရိုက်ကူးခြင်းနှင့် လေ့လာရေးခရီးစဉ်၊ လေ့လာရေးဆောင်းပါးရေးသားခြင်းကို လက်တွေ့ဆောင်ရွက်စေခဲ့ကြောင်း။

သင်တန်းကရရှိသည့်အတွေ့အကြုံ၊ အသိအမြင်များကို ဘဝအတွေ့အကြုံဖြင့် ထင်ဟပ်သုံးသပ်ပြီး လက်တွေ့လုပ်ငန်း၌ အကျိုးရှိရှိအကောင်အထည်ဖော်ဆောင်ရွက်ကြပါ၊ မိမိတို့ကဲ့သို့ပင် အသင်းဝင်များ၊ ပြည်သူများသိအောင်၊ မြင်အောင်၊ လေ့လာသိစွမ်းအားရှိအောင်၊ ရှင်းလင်းစည်းရုံးနိုင်စွမ်းရှိအောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မိမိနယ်မြေဒေသအကျိုးသယ်ပိုးဆောင်ရွက်ရင်း အရည်အချင်း၊ အရည်အသွေး ပိုမိုတိုးတက်အောင်လည်း စဉ်ဆက်မပြတ်ဆည်းပူးလေ့လာသွားကြပါဟု မှာကြားလိုကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ

ပြည်ထောင်စု၏ မည်သည့်နေရာဒေသ၌ပင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ်ထားရှိမွေးမြူရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကသာ တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးသည် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၏ အခြေခံဖြစ်ကြောင်း၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန် ထွန်းကားပြန့်ပွားနေအောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်များတွင် ပြည်သူကို ကိုယ်စားပြုသည့် လူတန်းစားစုံ၊ အလွှာစုံ၊ တိုင်းရင်းသားစုံ ပါဝင်ပြီး အစုအဖွဲ့အစည်းအဝေးများ၊ စုံညီအစည်းအဝေးများ၌ ကျယ်ကျယ်ပြန့်ပြန့် လွတ်လွတ်လပ်လပ် ဆွေးနွေးကြပြီး ဆန္ဒကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်တင်ပြ ညှိနှိုင်းတိုင်ပင်နေသော စစ်မှန်သည့် လူထုညီလာခံကြီးဖြစ်ကြောင်း။

အရေးကြီးဆုံး

အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး အခြေခံရမည့်မူများကို ညှိနှိုင်းဆွေးနွေးချမှတ်နေပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံအောင်မြင်မှ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ထူထောင်သွားရမည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးနှင့်အညီ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်အရင်းခံသည့် အေးချမ်းတည်ငြိမ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း၊ ခိုင်မာတောင့်တင်းခြင်းများ ရရှိမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံအောင်မြင်ရေးသည် အခြေခံအကျဆုံး၊ အရေးကြီးဆုံးဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်ရေးကို တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပကတိဖြစ်ရပ်မှန်

အစိုးရ၊ ပြည်သူနှင့် တပ်မတော် ပူးပေါင်းပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံက ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများရရှိနေပြီ ဖြစ်ကြောင်း၊ သို့ရာတွင် ပြည်ပမီဒီယာများက နည်းပညာဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုများကို အခွင့်ကောင်းယူပြီး နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုမျက်နှာစာများက စိမ့်ဝင်ထိုးဖောက် မဟုတ်မမှန်ဝေဖန်ပြောဆိုရေးသား ထုတ်လွှင့်နေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ပကတိဖြစ်ရပ်မှန်ကို သိရှိစေရန် အသင်းကြီးအနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသင်းကြီး၏ သတင်းနှင့် ပြန်ကြားရေး မီဒီယာကိုအသုံးပြု အကောင်အထည်ဖော် ဆောင်ရွက်ရင်း နိုင်ငံတော်၏ ပြန်ကြားရေးမဏ္ဍိုင်ကိုအထောက်အကူပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ထူးချွန်သင်တန်းသားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းတွင် ပထမဆုရရှိသော မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးညွန့်ဝင်း၊ ဒုတိယဆုရရှိသော မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးလွင်မိုးနှင့် တတိယဆုရရှိသော ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါက်တာစိုးသိန်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ သင်တန်းသား ဦးတင်မြင့်အား လည်းကောင်း၊ သင်တန်းနည်းပြများအတွက် ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုလက်ဆောင်များကို သင်တန်းနည်းပြများကိုယ်စား သင်တန်းနည်းပြ ဦးတင်ခ(တက္ကသိုလ်တင်ခ)အား လည်းကောင်း ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဆင်းပွဲအပြီးတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၃)သို့ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၂ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တကိုးပတ် ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

သဲဖြူတောရစမ္မရိပ်သာ တစ်လတရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ သဲဖြူတောရစမ္မရိပ်သာတွင် ဖေဖော်ဝါရီ ၇ရက်မှ မတ် ၇ရက်အထိ တစ်လတရားစခန်း ကျင်းပမည်ဖြစ်ပါ၍ စခန်းဝင်လိုသည့် ယောဂီများသည် ဖုန်း-၆၆၇၇၁၆၊ ၆၆၂၈၃၆၊ ၆၆၆၁၆၃တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး အရှေ့ကြို့ကုန်း စွန်းလွန်းဂူကျောင်းတိုက်သို့ ဖေဖော်ဝါရီ ၇ရက် မွန်းလွဲ ၁ နာရီခွဲအရောက်လာကြရန် ဖိတ်ကြားထားသည်။ (က-ပ)

အမှာစကား ပြောကြား

တရားသူကြီးချုပ် ဦးအောင်တိုး မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁

တရားရုံးချုပ်က ဖွင့်လှစ်သော မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်းအမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တရားရုံးချုပ် အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ တရားသူကြီးချုပ် ဦးအောင်တိုး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့် တရားရုံးချုပ် တရားသူကြီးများ၊ တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား သင်တန်းသူ ၅၆ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ပတ်ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း စုံညီပွဲတော်နှင့် ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ မြို့နယ် ဘက်စုံပထမဆုနှင့် စာပေဘာသာရပ်အားလုံး ထူးချွန်ပထမဆု လေးနှစ်ဆက်တိုက် ရရှိသော Grade 8(A)မှ မအိမ့်မြင့်မိုရ်စိုးအောင်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်ဝင်းဝင်းခိုင် ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ လမ်း (၅၀)နေ ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်ကြသော ဝဏ္ဏကျော်ထင် ဦးဘလှနှင့် ဒေါ်စောရီတို့အား ရည်စူး၍ သားသမီးမြေးများက ငွေကျပ် ၁၀၀၀၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒဂုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

ဒဂုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ၂၀၀၅ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဇန်နဝါရီ ၂၉ရက် နံနက် ၉နာရီတွင် မြို့နယ်ခန်းမ၌ ကျင်းပရာ သဘာပတိဥက္ကဋ္ဌ ဒေါ်နုနု(နုနု-စာပေဗိမာန်)က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အတွင်းရေးမှူး ဦးမောင်မောင်စန်း(စန်းနီလာဝင်း)က လည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါ်ခင်မြင့်သန်း(အစောထွေး)က လည်းကောင်း ဖတ်ကြားတင်ပြရာ အစည်းအဝေးက အတည်ပြုကြသည်။

ပါဝင်

ဆက်လက်၍ အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲကျင်းပရာ ဥက္ကဋ္ဌ ဒေါ်နုနု(နုနု-စာပေဗိမာန်)၊ ဒုတိယဥက္ကဋ္ဌ ဦးလှမောင်(အောင်ချိန်ဘွား)၊ အတွင်းရေးမှူး ဦးဇော်မင်းထိန်(ကြည်ဇော်)၊ ဘဏ္ဍာရေးမှူး ဒေါ်နီနီအေး(ရှင်နီ)တို့ ပါဝင်သည့် အမှုဆောင်အဖွဲ့ဝင်ခုနစ်ဦးတို့ကို ရွေးချယ်ကြပြီး ညီလာခံ ကိုယ်စားလှယ်များအဖြစ် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ရွေးချယ်ကြသည်။ (သတင်းစဉ်)

စက်ရုံကျောင်းဆရာတော် ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာကျောင်းတိုက်၏ ဦးစီးပဓာန နာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုမန ဆရာတော်အား သိက္ခာတော်ထပ် ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ (စက်ရုံဓမ္မရိပ်သာ)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အထက(၁) မရမ်းကုန်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

အထက(၁)မရမ်းကုန်း (သမိုင်းမြို့မကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အထက်ပါကျောင်း၌ ဖေဖော်ဝါရီ ၅ ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများစာရင်းတွင် မပါဝင်သေးသည့် ဆရာကြီး၊ ဆရာမကြီးများဆက်သွယ်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဒေါ်ခင်မြင့် ဖုန်း-၆၆၄၀၅၃၊ ဗိုလ်မှူးမြင့်သိန်း ဖုန်း-၆၆၂၇၇၅၊ ဦးမြတ်ထွန်း ဖုန်း-၆၆၂၀၁၅၊ ဒေါ်ခင်မြ ဖုန်း-၆၅၁၅၈၉၊ ဒေါက်တာအောင်မြတ်သိန်း ဖုန်း-၆၅၁၅၂၆၊ ဦးမောင်အုန်း ဖုန်း-၇၂၇၂၁၅၊ ဦးကြည်ဝင်း-ဒေါ်အေးအေးလှိုင် ဖုန်း-၆၆၆၇၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၄၅)

ဟော်ကီအားကစား တိုးတက်ပြန့်ပွားရေး ပုသိမ်မြို့၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင် ဦးဆောင်၍ အဖွဲ့ချုပ်အမှုဆောင်များ ဖြစ်ကြသော ဦးလှမြင့်(Pedrollo)နှင့် ဦးလှစိန်တို့သည် ဇန်နဝါရီ ၁၈ရက်တွင် ပုသိမ်မြို့ အနောက်တောင်တိုင်း စစ်ဌာနချုပ်သို့ သွားရောက်၍ ဒုတိယတိုင်းမှူးနှင့် အားကစား တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံကာ ၂၀၀၅ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား ဟော်ကီပြိုင်ပွဲ၌ ဒုတိယရရှိခဲ့သော အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ ဟော်ကီအားကစားသမားများ အောင်မြင်မှု ပိုမိုရရှိရန်နှင့် ဟော်ကီတိုးတက် ပြန့်ပွားရေးအတွက် ဆွေးနွေးတင်ပြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ် ဟော်ကီအားကစား ဆပ်ကော်မတီခန်းမ၌ ဦးလှမြင့် (Pedrollo Water Pump Co.,Ltd.)က ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဟော်ကီ အားကစားဝတ်စုံများကို လည်းကောင်း၊ ဦးလှစိန် (လှစိန်နှင့်ညီအစ်ကိုများ ကားလေးလုပ်ငန်း)က ငွေကျပ် ငါးသောင်း၊ ဦးသက်ဦး (ပိတောက်ပင် ရုပ်ရှင်ထုတ်လုပ်ရေး)က ငွေကျပ်ငါးသောင်းတို့ကိုလည်းကောင်း ဟော်ကီ ဆပ်ကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

တရုတ်နိုင်ငံ၌ ကမ်းရိုးတန်းသစ်တောဥယျာဉ် ဖွင့်လှစ်

ဟိုင်ကို ဇန်နဝါရီ ၃၁

တရုတ်နိုင်ငံ တောင်ပိုင်းစွန်း ဟိုင်နန်ပြည်နယ်ရှိ ကမ်းရိုးတန်းတစ်လျှောက်တွင် နိုင်ငံပိုင်သစ်တောဥယျာဉ်တစ်ခုကို ခရီးသွားဧည့်သည်များ လာရောက်ကြည့်ရှုနိုင်ရန် မကြာသေးမီက ဖွင့်လှစ်လိုက်သည်။

ကျယ်ဝန်း

တရုတ်နိုင်ငံတွင် ကမ်းရိုးတန်းသစ်တောဥယျာဉ် တည်ထောင်ခြင်းသည် ပထမဆုံးဖြစ်ပြီး တစ်နံတစ်လျားတည်ရှိနေသော ဒီရေရောက် သစ်တောနယ်မြေသည် အကျယ်အဝန်းအားဖြင့် ဟက်တာ ၅၂၆ ကျယ်ဝန်းပြီး ဒီရေရောက်သစ်တောတွင်ပေါက်ရောက်သည့်အပင်မျိုးစိတ်၃၀ ကျော် ရှိသည်ဟု သစ်တော အုပ်ချုပ်ရေးဌာနမန်နေဂျာ ချန်ဇီချုံအန်က ပြောကြားခဲ့သည်။

ကာကွယ်ထား

အဆိုပါ ဒီရေရောက်တောသည် သန္တာကျောက်တန်းများနှင့် သဲခုံများကဲ့သို့ ကမ်းရိုးတန်းကို ကာကွယ်ထားသဖြင့်ဆူနာမီနှင့် မုန်တိုင်းဒဏ်များကို သက်သာစေနိုင်သည်။

လွတ်မြောက်

၁၉၇၄ ခုနှစ်နောက်ပိုင်း ဟိုင်နန်ပြည်နယ်ကို တိုက်ခတ်ခဲ့သောတိုင်ဖုန်းမုန်တိုင်းများအနက် အင်အားအပြင်းထန်ဆုံး ဒမ်ရီမုန်တိုင်း တိုက်ခတ်ခဲ့စဉ်က ကမ်းရိုးတန်း ကျေးရွာများမှာ မုန်တိုင်းဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့သည်။ ယင်းမှာ ဒီရေရောက်သစ်တောရှိ အပင်များက မုန်တိုင်းဘေးဒဏ်မှ ကာကွယ်ပေးခြင်းကြောင့်ဖြစ်သည်။

အပန်းဖြေနိုင်

အဆိုပါ ဒီရေရောက်သစ်တောတွင် နှစ်ပေါင်း ၁၀၀၀ ကျော် သက်တမ်းရှိရှားပါးအပင် များစွာရှိပြီး ခရီးသွားဧည့်သည်များ လာရောက်ကြည့်ရှုအပန်းဖြေနိုင်ကြသည်။

အဆိုပါတောတွင်း၌ ငါး၊ ပုစွန်၊ ကဏန်းနှင့်ပင်လယ်ငှက်အမျိုးမျိုးလည်း ကျက်စားနေထိုင်ကြကြောင်း သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဆိုင်ကယ်စီးလာသူတစ်ဦးအား အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦးက ရှာဖွေစစ်ဆေးနေသည်ကို ဇန်နဝါရီ ၂၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြန်ပေးဆွဲခံရသည့်အီရန်တပ်ဖွဲ့ဝင်များ လွတ်မြောက်လာ

တီဟီရန် ဇန်နဝါရီ ၃၁

အီရန်နယ်စပ်ဒေသတွင် ပြန်ပေးဆွဲခံခဲ့ရသည့် အီရန်တပ်ဖွဲ့ဝင် ကိုးဦးကို တိုက်ခိုက်ရေးသမားများကပြန်လွှတ်ပေးလိုက်ကြောင်း အိုင်အာအင်အေသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

ယင်းသတင်းဌာနက အသေးစိတ်သတင်းဖော်ပြခြင်းမရှိပေ။ သို့ရာတွင် အီရန်ရဲတပ်ဖွဲ့၏ ကြိုးပမ်းမှုကြောင့် လွတ်မြောက်လာခြင်း ဖြစ်သည်ဟု ဖော်ပြသည်။

ရွှေ့ပြောင်း

ဂျွန်ဒိုလာအုပ်စုက ၎င်းအီရန်တပ်ဖွဲ့ဝင်ကိုးဦးကို စစ်စတန် - ဘလူချီစတန်ပြည်နယ်တွင် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလနှောင်းပိုင်းက ပြန်ပေးဆွဲခဲ့ခြင်းဖြစ်ပြီး အီရန်နယ်စပ်ကို ဖြတ်ကျော်ကာ ပါကစ္စတန်နိုင်ငံအတွင်းသို့ ၎င်းတို့ကို ရွှေ့ပြောင်းထားခဲ့သည်။

တောင်းဆို

ပြန်ပေးသမားများက ဓားစာခံများကို ရွေးရန်အီရန်အစိုးရထံသို့ ငွေတောင်းပြီး အကျဉ်းကျနေသည့် ၎င်းတို့အုပ်စုဝင်များကို လွှတ်ပေးပါက အပြန်အလှန်အားဖြင့်ဓားစာခံများကိုလည်း လွှတ်ပေးမည်ဟုတောင်းဆိုခဲ့သည်။ ယင်းတောင်းဆိုချက် မလိုက်လျောပါက ဓားစာခံများကိုသတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

အမေရိကန်က ဂျွန်ဒိုလာအုပ်စုကို အထောက်အပံ့ပေးနေသည်ဟု အီရန်က စွပ်စွဲထားသည်။ ယင်းအဖွဲ့သည် တာလီဘန်အဖွဲ့နှင့်လည်း အဆက်အသွယ်ရှိသည်ဟုဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

အီရတ်တောင်ပိုင်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ကာဘာလာ(အီရတ်) ဇန်နဝါရီ ၃၁

ဗုံးဖောက်ခွဲသူတစ်ဦးက အီရတ်နိုင်ငံတောင်ပိုင်း နာဆီရီယာမြို့ရှိ ရဲတပ်ဖွဲ့တန်းလျားတစ်ခုကို တနင်္လာနေ့က ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး လူ ၂၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရရှိသူများတွင် ရဲတပ်ဖွဲ့ဝင်များနှင့် အရပ်သားများ ပါဝင်သည်ဟု ရဲတပ်ဖွဲ့ကဆက်လက်ပြောကြားသည်။

ဘဂ္ဂဒက်တောင်ဘက် ၂၃၅ မိုင်ကွာရှိ နာဆီရီယာမြို့သည်အီရတ်နိုင်ငံအလယ်ပိုင်းဒေသနှင့် နှိုင်းယှဉ်လျှင် တိုက်ခိုက်မှုများ အတန်အသင့် ကင်းဝေးနေသော အရပ်ဒေသတစ်ခုဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်နိုင်ငံတောင်ပိုင်းတွင် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

လန်ဒန် ဇန်နဝါရီ ၃၁

ဗြိတိသျှ တပ်ဖွဲ့ဝင်တစ်ဦးသည် အီရတ်နိုင်ငံ တောင်ပိုင်းဒေသတွင် တနင်္လာနေ့က ပစ်ခတ်ခံရပြီးနောက် သေဆုံးသွားကြောင်း ဗြိတိန်ကာကွယ်ရေးဌာနက ပြောကြားသည်။

ပစ်ခတ်ခံရ

၎င်းသည်အမှတ်(၁)တပ်ရင်းမှဖြစ်သည်။ ၎င်းလိုက်ပါလာသည့်လှည့်ကင်းယာဉ်သည် မေဆန်ပြည်နယ်တွင် လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရပြီးနောက် ရရှိခဲ့သည့်ဒဏ်ရာဖြင့် ၎င်းတပ်ဖွဲ့ဝင်သေဆုံးခဲ့သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

စိတ်ပျက်လက်ပျက်

အီရတ်တွင် တာဝန်ထမ်းဆောင်နေသည့်ဗြိတိသျှတပ်ဖွဲ့ဝင်သေဆုံးသည့်သတင်းကြားသိရသဖြင့် မိမိစိတ်ပျက်လက်ပျက်ဖြစ်မိကြောင်း၊ မိမိသည် ၎င်း၏ မိသားစု၊ မိတ်ဆွေသင်္ဂဟနှင့် အတူရှိနေကြောင်း ဗြိတိန် ကာကွယ်ရေးဝန်ကြီးဂျွန်ရိက ပြောကြားသည်။

အမေရိကန် ဦးဆောင်သည့်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ်က ကျူးကျော်တိုက်ခိုက်ပြီးသည့်နောက် အီရတ်တွင် သေဆုံးခဲ့သည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေသည် ၉၉ ဦး ရှိပြီဖြစ်သည်။ ယခုအခါ ဗြိတိန်တပ်ဖွဲ့ဝင် ၈၀၀၀ ခန့်ကို အီရတ်နိုင်ငံတောင်ပိုင်းဒေသတွင် ဖြန့်ကြက်ထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယ၌ဒုံးကျည်တစ်စင်း စမ်းသပ်ပစ်လွှတ်

နယူးဒေလီ ဇန်နဝါရီ ၃၁

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဩရိဿဒေသ၌ အာကာကျ်ရှအဆင့်မြင့် ဝေဟင်ပစ် ဒုံးကျည်တစ်စင်းကို အိန္ဒိယနိုင်ငံမှ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့သည်ဟု အင်ဒို-အာရှသတင်းဌာနက ဇန်နဝါရီ၂၈ရက်တွင် ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဩရိဿဒေသ ချန်ဒီပါအရပ်၌ အိန္ဒိယနိုင်ငံလုပ်ထိပ်ဖူးအများအပြား ပစ်ခတ်နိုင်သည့် ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့သည်။ လေယာဉ်မှူး မပါသော လူမဲ့လေယာဉ်ကို အဆိုပါ ဒုံးကျည်က တိကျစွာပစ်ချနိုင်ခြင်းရှိ၊ မရှိ စမ်းသပ်ခြင်း ဖြစ်သည်ဟု သတင်းဌာနက ဖော်ပြခဲ့သည်။

၂၅ ကီလိုမီတာ အကွာအဝေးအထိ ပစ်ခတ်နိုင်စွမ်းရှိသော အာကာကျ်ရှဒုံးပျံကို ရမ်ဂျက်အမျိုးအစားဂျက်အင်ဂျင် တပ်ဆင်အသုံးပြုထားသည်။

ကာကွယ်ရေးသုတေသနဌာနနှင့် ဖွံ့ဖြိုးရေးအဖွဲ့၏ ဒုံးကျည်ငါးမျိုးတွင် အာကာကျ်ရှဒုံးကျည်သည် တစ်ခုအပါအဝင်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ

အီရတ်နိုင်ငံ ဟိတ်ဒ်မြို့အနီးတွင် လုံခြုံရေး ဆောင်ရွက်နေကြသော အမေရိကန် တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယူဂန္ဓာနိုင်ငံ၌ မွေးရာပါသွေးအားနည်း ရောဂါဖြစ်ပွားမှု နှစ်စဉ်ကလေးဦးရေ ၂၅၀၀၀ထက်မနည်းရှိ

ကမ်ပါလာ ဇန်နဝါရီ ၃၁

ယူဂန္ဓာနိုင်ငံ၌နှစ်စဉ် ကလေးဦးရေ ၂၅၀၀၀ထက်မနည်းမှာ မွေးရာပါဆစ်ကယ်လ်ဆဲလ်(Sickle Cell) သွေးအားနည်းရောဂါဖြစ်ပွားလျက် ရှိကြောင်း ယူဂန္ဓာနိုင်ငံ ဆစ်ကယ်လ်ဆဲလ်အသင်း(အက်စ်အေယူ)က ကြေညာသည်။

အစိုးရအနေဖြင့် ယင်းရောဂါ ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိသဖြင့် ရောဂါဖြစ်ပွားမှုမှာ ပိုမိုများပြားလာကြောင်း အက်စ်အေယူဥက္ကဋ္ဌ ရှသ်မူကီဘီ၏ ပြောကြားချက်ကို ကိုးကားလျက် နယူးဗီးရှင်းသတင်းစာက စနေနေ့တွင် ဖော်ပြသည်။

အစိုးရကတာဝန်ယူပြီး ရောဂါတိုက်ဖျက်ရေးကို ချက်ချင်းအင်တိုက်အားတိုက် ဆောင်ရွက်ရန်လိုအပ်လျက်ရှိကြောင်း မူကီဘီကပြောကြားသည်။

အကြံပြု

အိပ်ချ်အိုင်ဗွီ/အိဒ်စ်ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးကြသည့် နည်းတူ ဆစ်ကယ်လ်ဆဲလ် သွေးအားနည်းရောဂါ ရှိ၊ မရှိကိုလည်း စမ်းသပ်စစ်ဆေးကြရန် လက်ထပ်ခါနီး အမျိုးသား၊ အမျိုးသမီးများအား ၎င်းက အကြံပြုထားသည်။

လွန်ခဲ့သည့်အနှစ် ၄၀က ကမ္ဘာပေါ်တွင် ဆစ်ကယ်လ်ဆဲလ်သွေးအားနည်းရောဂါအများဆုံးဖြစ်ပွားသည့်ဒေသမှာ ယူဂန္ဓာနိုင်ငံအနောက်ပိုင်း ဘန်ဒီဘူဂျိုဒေသဘမ်ဘားမြို့ ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ယင်းရောဂါရှိသူများကို ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကူညီပံ့ပိုးမှု ဖြည့်ဆည်းပေးပါက၎င်းတို့သည်အခြားသူများနည်းတူ ပျော်ရွှင်ချမ်းမြေ့မှု ရရှိနိုင်မည်ဖြစ်ကြောင်း အသက်ရှည်ရှည်လည်း နေနိုင်ခွင့်ရရှိကြမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ဆစ်ကယ်လ်ဆဲလ် သွေးအားနည်းရောဂါမှာ သွေးနီဥများတွင် ကောက်ကွေးသည့် ပုံသဏ္ဍာန်ရှိဆဲလ်များပါရှိကာအထွေထွေအားနည်းမှုနှင့်နာမကျန်းမှုကို ဖြစ်ပေါ်စေသည့်ရောဂါတစ်မျိုးဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကနေဒါ၌ပိုတက်ဓာတ်ဆားတွင်းမီးလောင် မိုင်းလုပ်သား ၇၀ ပိတ်မိနေ

တိုရွန်တို ဇန်နဝါရီ ၃၁

ကနေဒါနိုင်ငံရှိ ပိုတက်ဓာတ်ဆားတွင်းတွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ဓာတ်ဆား တူးသူ မိုင်းတွင်းလုပ်သား ၇၀သည် ပိုတက်ဓာတ်ဆားတွင်းအတွင်း ၁၉နာရီကြာပိတ်မိနေခဲ့ကြောင်း၊ ၎င်းတို့ကိုမြေပြင်ပေါ်သို့ ရောက်ရှိစေရန် မကယ်တင်နိုင်မီ ဓာတ်ဆားတွင်းအတွင်းလောင်နေသောမီးကို ငြိမ်းသတ်နေစဉ်အတွင်း ခိုလှုံစရာအခန်းများ တွင် ၎င်းတို့ ရှိနေကြမည်ဖြစ်ကြောင်း ဓာတ်ဆားတွင်း တာဝန်ရှိပုဂ္ဂိုလ်များက တနင်္လာနေ့တွင် ပြောကြားသည်။

ဆာစကက်ချီဝမ်ဒေသ အက်စတာဟာဇီမြို့ရှိ ပိုတက်ဓာတ်ဆား ထုတ်လုပ်ရေးသတ္တုတွင်းတွင် တနင်္ဂနွေနေ့စောစောပိုင်းက မီးလောင်ခဲ့ခြင်းဖြစ်ပြီး မီးလောင်ရသည့်အကြောင်းရင်းဇာစ်မြစ်ကို မသိရှိရသေးပေ။

အဆိုပါ ပိုတက်ဓာတ်ဆားတွင်းကို အမေရိကန်နိုင်ငံ မင်နီဆိုတာပြည်နယ်အခြေစိုက်မိုးဇက်ကုမ္ပဏီကပိုင်ဆိုင်သည်။

စေလွှတ်ထား

အသက်ရှုကိရိယာများတပ်ဆင်ထားသည့် ကယ်ဆယ်ရေးအဖွဲ့ဝင်များကို အခင်းဖြစ်ပွားရာ နေရာသို့စေလွှတ်ထားကြောင်း၊ ၎င်းတို့မြေပြင်သို့ ရောက်စေရန်အတွက်အချိန်ယူကယ်တင်ရမည် ဖြစ်ကြောင်း၊ ယခုအခါမီးသတ်သမားများက မီးငြိမ်းသတ်နေကြပြီး ဥမင်လိုဏ်ခေါင်းလေဝင် လေထွက်ကောင်းစေရန် ပြုလုပ်နေကြသည်ဟု အဆိုပါ ကုမ္ပဏီ၏ပြောရေးဆိုခွင့်ရှိသူဟာ မီတန်ကပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စစ်ရေးလေ့ကျင့်မှု အမေရိကန် ရပ်ဆိုင်းပေးရန် အိုကီနာဝါရှိ ဒေသဆိုင်ရာ ပါလီမန်ကတောင်းဆို

တိုကျို ဇန်နဝါရီ ၃၁

အက်ဖ်-၁၅ ဂျက်တိုက်လေယာဉ်ဖြင့် လေကြောင်းစစ်ရေးလေ့ကျင့်မှုကို ရပ်တန့်ထားရန် ဂျပန်နိုင်ငံ အိုကီနာဝါပြည်နယ် ပါလီမန်က ဇန်နဝါရီ ၃၀ ရက်တွင် ကျင်းပသော အစည်းအဝေးတွင် အမေရိကန်စစ်ဘက်ကို တောင်းဆိုလိုက်သည်။ ဇန်နဝါရီအစောပိုင်းက အိုကီနာဝါပြည်နယ်၏ ပစိဖိတ်ကမ်းလွန်ဒေသတွင် အက်ဖ်-၁၅ အမျိုးအစား အမေရိကန် စစ်လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားပြီးနောက် အမေရိကန်စစ်ဘက်ကို စစ်ရေးလေ့ကျင့်မှု ရပ်တန့်ခိုင်းရခြင်းဖြစ်သည်ဟု ကျိုဒိုသတင်းဌာနက သတင်းဖော်ပြခဲ့သည်။

ဇန်နဝါရီလ ၁၇ ရက်တွင် ပျက်ကျခဲ့သော လေယာဉ်၏အကြောင်းရင်းကို စုံစမ်းရန်နှင့် ထိုကဲ့သို့သော အဖြစ်မျိုး ကြိုတင်ကာကွယ်မှု ဆောင်ရွက်ရန် အမေရိကန်တပ်ဖွဲ့ကို အဆိုပါ အစည်းအဝေးတွင် တောင်းဆိုခဲ့ကြသည်။

ငါးလုပ်ငန်း

အက်ဖ်-၁၅ လေယာဉ်ပျက်ကျသည့် နေရာမှာ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ရာ နေရာဖြစ်သဖြင့် ရေလုပ်သားများ ထိခိုက်မှု ဖြစ်နိုင်ကြောင်း အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

လွတ်မြောက်

အက်ဖ်-၁၅ ဂျက်တိုက်လေယာဉ်သည် အိုကီနာဝါကျွန်းရှိ အမေရိကန် ကာဒီနာလေတပ် အခြေစိုက်စခန်းမှ လေယာဉ်ဖြစ်သည်။ အဆိုပါ လေယာဉ်သည် ဇန်နဝါရီ ၁၇ ရက်တွင် အိုကီနာဝါကျွန်းအရှေ့ဘက် အီကီဂျီးမားကျွန်းအနီး ပင်လယ်ထဲသို့ ပျက်ကျခဲ့သည်။ လေယာဉ်မှူးသည် အရေးပေါ်လေထီးဖြင့် ခုန်ချနိုင်ခဲ့သဖြင့် အသက်ဘေးမှ လွတ်မြောက်လာခဲ့သည်။

ပြန်လည်ပြုလုပ်

အဆိုပါ လေယာဉ်ပျက်ကျသည့်နေ့တွင် အမေရိကန်လေယာဉ်များ စစ်ရေးလေ့ကျင့်မှုကို ရပ်ဆိုင်းထားရန် အိုကီနာဝါပြည်နယ်အစိုးရက တောင်းဆိုခဲ့ကြသည်။ သို့ရာတွင် လေယာဉ်ပျက်ကျပြီးနောက် နှစ်ရက်အကြာတွင် အမေရိကန်တပ်ဖွဲ့က စစ်ရေးလေ့ကျင့်မှုကို ပြန်လည်ပြုလုပ်ခဲ့သည်။

အဆိုပါအစည်းအဝေး၏ တောင်းဆိုချက်ကို အိုကီနာဝါကျွန်းရှိ အမေရိကန် ထိပ်တန်းအရာရှိတစ်ဦးထံသို့ ပေးပို့မည်ဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ပြစ်တင်ပြောကြား

အိုကီနာဝါကျွန်းသည် တိုကျိုမြို့တောင်ဘက် ကီလိုမီတာ ၁၀၀၀ ခန့်အကွာတွင်ရှိပြီး ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ အများဆုံးတည်ရှိရာနေရာဖြစ်သည်။ အဆိုပါကျွန်းတွင် အမေရိကန် တပ်ဖွဲ့ရှိနေသည့်အတွက် ရာဇဝတ်မှု၊ ဆူညံမှုနှင့် လူများ ပြည့်ကျပ်နေသည်ဟု ဒေသခံ ပြည်သူများက အပြစ်တင် ပြောကြားကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဖလူးဂျာမြို့အနီးတွင် တိုက်ခိုက်မှုဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဖလူးဂျာ(အီရတ်) ဇန်နဝါရီ ၃၁

အီရတ်နိုင်ငံတွင် ပြောက်ကျားများက အမေရိကန်တပ်ဖွဲ့ဝင်များကို ဖလူးဂျာမြို့အနီးဒေသတွင် စနေနေ့က တိုက်ခိုက်ခဲ့မှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပြောကြား

အမေရိကန်တပ်ဖွဲ့ဝင်များနှင့်သေနတ်သမားများသည် ဖလူးဂျာတောင်ပိုင်း ခုနစ်ကီလိုမီတာအကွာရှိ အယ်လ်-ဖလူးဂျာမြို့ အမာရီယက်ဒေသတွင် နံနက် ၁၀ နာရီခန့်က ပြင်းထန်သည့် အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ရောက်ရှိလာ

ထို့နောက် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် သံချပ်ကာယာဉ်များ အခင်းဖြစ်ပွားရာဒေသသို့ ရောက်ရှိလာခဲ့ပြီး အမေရိကန်ရဟတ်ယာဉ်များကောင်းကင်တွင် ဝဲပျံလျက်ရှိနေခဲ့ကြသည်။

ပြောက်ကျားများဘက်မှ သေဆုံးသူ မည်မျှရှိသည်ကို ၎င်းတို့က ပြောကြားခြင်း မရှိပေ။ အမေရိကန်တပ်ဖွဲ့ဝင်များက ယင်းမြို့မှလာသည့် သတင်းများကို အတည်ပြု ပြောကြားခြင်းမရှိပေ။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့၏ အရှေ့တောင်ဘက် ၆၂ မိုင်ကွာရှိ ဒိုမီလီမြို့တွင် လမ်းချော်တိမ်းမှောက် သွားသော ရထားတစ်စီးကို ဇန်နဝါရီ ၂၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တယ်လ်အဖာမြို့တွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွား အီရတ်တပ်ဖွဲ့ဝင်လေးဦး သေဆုံးကြောင်း ကြေညာ

ဘဂ္ဂဒက် ဇန်နဝါရီ ၃၁

အီရတ်နိုင်ငံမြောက်ပိုင်းရှိ တယ်လ်အဖာမြို့တွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားသဖြင့် အီရတ်တပ်ဖွဲ့ဝင်လေးဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

သေဆုံး

အီရတ်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီးသည် တယ်လ်အဖာမြို့တွင် သောကြာနေ့က လက်လုပ်ဗုံးဖြင့် ဖောက်ခွဲခံရသဖြင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး လေးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ အီရတ် ကြည်းတပ်အမှတ်(၃)တပ်မမှ အချို့တပ်ဖွဲ့ဝင်များသည် ပထမဗုံး ပေါက်ကွဲရာမှ သေဆုံးသည့် တပ်ဖွဲ့ဝင်များကို နေရာရွှေ့ပြောင်းနေစဉ် နောက်ထပ် ဗုံးတစ်လုံးပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်း စစ်ဘက်ကြေညာချက်တွင်ပါရှိသည်။

ပိတ်ဆို့

အခြားအီရတ်တပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာဒေသကို ဝိုင်းပတ်ပိတ်ဆို့ကာ ရှာဖွေရေးလုပ်ငန်းများ ပြုလုပ်နေစဉ် ဒုတိယအကြိမ် ဗုံးထပ်မံပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အီရတ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်ဟု ကြေညာချက်တွင် ပါရှိသည်။

တတိယ ပေါက်ကွဲမှုအတွင်း အရပ်သားတစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက ယင်းနေရာသို့တစ်မုဟုတ်ချင်းသွားရောက်ပြီး ယာဉ်အသွားအလာ ပိတ်ဆို့ထားလိုက်ကာ သင်္ကာမကင်းသူနှစ်ဦးကို ဖမ်းဆီးခဲ့သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်၏နျူကလီးယားပြဿနာနှင့်ပတ်သက်၍ ဖိအားပေးမှုကိုလက်မခံကြောင်း အိန္ဒိယဝန်ကြီးချုပ်ပြောကြား

နယူးဒေလီ ဇန်နဝါရီ ၃၁

အိန္ဒိယအစိုးရသည် အီရန်၏နျူကလီးယားကိစ္စနှင့်ပတ်သက်၍ ဖိအားပေးခံမည်မဟုတ်ဘဲ အိန္ဒိယနိုင်ငံ၏ အကျိုးစီးပွားအတွက် အကောင်းဆုံး ဆုံးဖြတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက လက်ဝဲပါတီများ၏ စိုးရိမ်သောကမကင်းဖြစ်နေမှုများကို လျော့ပါးသွားစေရန် ရည်ရွယ်၍ ပြောကြားလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပြည်တွင်းမူဝါဒပင်ဖြစ်စေ သို့တည်းမဟုတ် ပြည်ပဆိုင်ရာ မူဝါဒပင်ဖြစ်စေ မိမိတို့အနေဖြင့် နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားအတွက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်က ဝန်ကြီးများ ကောင်စီအဖွဲ့ဝင်သစ်များ ကျမ်းသစ္စာကျိန်ဆိုသည့် အခမ်းအနားတွင် ပြောကြားသည်ဟု အိန္ဒိယ ပီတီအိုင်သတင်းဌာနက ကိုးကား ဖော်ပြသည်။

မိမိတို့သည် ဖိအားပေးခံမည် မဟုတ်ကြောင်း၊ မိမိနိုင်ငံအတွက် အမှန်ကို လုပ်ဆောင်မည်ဖြစ်ပြီး မိမိတို့၏ အဓိကအရေးကိစ္စမှာ အိန္ဒိယနိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်ပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မန်မိုဟန်ဆင်းက လက်ဝဲပါတီခေါင်းဆောင်များ၏မေးမြန်းချက်များကို တုံ့ပြန်၍ အထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်အကျဉ်းသားများကို နှိပ်စက်မှုဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ထောင်ဒဏ်အပြစ်ပေး

ကဘူး ဇန်နဝါရီ ၃၁

အာဖဂန်နစ္စတန် အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ထောင်ဒဏ်လေးလကျခံစေရန်ပြစ်ဒဏ်ချမှတ်ကြောင်းဖြင့် အမေရိကန်စစ်ဘက်က စနေနေ့တွင် ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

ချမှတ်

အဆိုပါ တပ်ဖွဲ့ဝင်သည် ဇူလိုင်လအတွင်းက အာဖဂန်နစ္စတန်နိုင်ငံ အူရူဇဂန်ပြည်နယ်ရှိ အခြေစိုက်စခန်းရှိ အကျဉ်းစခန်းမှ အကျဉ်းသားများ၏ ရင်ဘတ်၊ လက်မောင်းနှင့် ပခုံးများကို လက်သီးဖြင့် ထိုးကြိတ်ခဲ့သည်ဟု စွဲချက်တင်ခံခဲ့ရပြီး ဘက်ဂရမ်လေတပ် စခန်းရှိ ခုံရုံးတွင် ၎င်းကိုစစ်ဆေးကာ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်ဟု ကြေညာချက်တွင် ပါရှိသည်။

စက်မှုဆိုင်ရာ ကျွမ်းကျင်သူ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဂျိမ်းစ်အာဟေးစ်အား အကျဉ်းသားများကို မတရားနှိပ်စက်ရန် ပူးပေါင်းကြံစည်မှုစွဲချက်တစ်ရပ်နှင့် မတရားနှိပ်စက်ညှဉ်းပန်းမှုစွဲချက်နှစ်ရပ်တို့တွင် အပြစ်ရှိကြောင်း တွေ့ရှိခဲ့၍ ၎င်းကိုသာမန်တပ်ဖွဲ့ဝင်တစ်ဦးအဖြစ် ရာထူးလျှော့ချလိုက်ပြီး လစာမှ လေးလစာဖြတ်တောက်ကာ ထောင်ဒဏ် လေးလအပြစ်ပေးခဲ့သည်ဟု ကြေညာချက်အရ သိရှိရသည်။

ဂျိမ်းစ်သည် အကျဉ်းသားနှစ်ဦးကို ထိုးကြိတ်မှုပြုခဲ့သူနှစ်ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ယင်းပြစ်မှုတွင် ပါဝင်ပတ်သက်ခဲ့သည့် ဒုတိယမြောက်တပ်ဖွဲ့ဝင်ကို စစ်ခုံရုံးက ဇန်နဝါရီ ၃၀ရက်တွင် စစ်ဆေးသွားမည်ဟု သိရသည်။

အကျဉ်းချ

ဂျိမ်းစ်သည် အမှုဖြစ်ပွားစဉ်က အမှတ် (၉၂၆) အင်ဂျင်နီယာတပ်ရင်းအောက်ရှိစီတပ်ခွဲမှဖြစ်သည်။ ၎င်းကို ဘက်ဂရမ်အကျဉ်းစခန်းတွင် အကျဉ်းချထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆူဒန်နိုင်ငံ ဒါဖာဒေသတွင် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်နေသော အာဖရိကသမဂ္ဂ တပ်ဖွဲ့ကို ဇန်နဝါရီ ၂၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ခြံစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုးပေး

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံ–သောင်းဝင်းဗိုလ်

ဇီဝဒီဇယ်ဆီကို ခြံစည်းရိုးကြက်ဆူပင်မှ ထုတ်လုပ်ရရှိသည်။ ဇီဝဒီဇယ်ဆီသည် စက်သုံးဆီနေရာတွင် အစားထိုး အသုံးပြုနိုင်သည်။ ကြက်ဆူစေ့အဆံကို ကြိတ်၍ရရှိသော ဇီဝဒီဇယ်ဆီကို တိုက်ရိုက်အသုံးပြုနိုင်သည်။ အင်ဂျင်ပိုင်းဆိုင်ရာကိုလည်း ထပ်မံပြုပြင်ရန်မလိုအပ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စက်သုံးဆီအစားထိုး အသုံးပြုနိုင်ရန် မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်နှင့်တိုင်းအားလုံးတွင် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးကြရန် အမြော်အမြင်ကြီးစွာ လမ်းညွှန်မှာကြားခဲ့သည်။

ခြံစည်းရိုးကြက်ဆူပင်ကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် စက်မှုလယ်ယာဦးစီးဌာနတို့မှတာဝန်ယူ၍ ပြည်နယ်နှင့်တိုင်းများတွင် စီမံချက်များ ချမှတ်ကာ စနစ်တကျစိုက်ပျိုးနေပြီ ဖြစ်သည်။ ပြည်နယ်နှင့်တိုင်းအသီးသီး၌ ခြံစည်းရိုးကြက်ဆူပင် ဧက ခုနစ်သန်းကို

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဇနီး ဒေါ်ခင်သန့်စင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ အမှတ်(၃) ကုန်းမြင့်ယာမြေတွင် ကျင်းပသော အမျိုးသားညီလာခံအား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြက်ဆူပင် စိုက်ပျိုးပွဲတွင် ပါဝင်စိုက်ပျိုးပေးကြစဉ်။

လူမှုရေးအဖွဲ့အစည်းများ ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတွင် ပါဝင်စိုက်ပျိုးကြစဉ်။

လားရှိုးမြို့ ဘက်စုံ စိုက်ပျိုးရေးခြံတွင် နာနတ်ခင်းနှင့်အတူ တွေ့မြင်ရသည့် သုတေသနပြု ကြက်ဆူပင်များ ကိုင်းဖြတ်စနစ်ဖြင့် စိုက်ပျိုးထားစဉ်။

သုံးနှစ်အတွင်း ပြည့်မီအောင် စိုက်ပျိုးသွားမည်ဟု သိရသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က "ခြံစည်းရိုး ကြက်ဆူပင်ကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ အထူးစီမံချက်ချပြီး စိုက်ပျိုးနေပါတယ်။ နိုင်ငံတော်က ဧကငါးသိန်းစိုက်ပျိုးဖို့ လမ်းညွှန်ထားမှုနှင့်အညီ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးလျက်ရှိပါတယ်"ဟု ဇန်နဝါရီ ၁၅ရက်က အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အမှတ်(၃) ကုန်းမြင့်ယာမြေ ကြက်ဆူစံပြမျိုးသန့်ဧက ၁၀၀၀ စိုက်ခင်းအတွင်း၌ ကျင်းပသော အမျိုးသားညီလာခံအား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတွင် တက်ရောက်လာသူများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့အပြင် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က တက်ရောက်လာသူများနှင့်အတူ ကြက်ဆူပင် စိုက်ပျိုးပွဲတွင် ပါဝင်ဆင်နွှဲ၍ အမှတ်တရ စိုက်ပျိုးပေးခဲ့ကြပါသည်။

ဆက်လက်၍ တက်ရောက်လာသူများအား ကြက်ဆူပင်မှရရှိသော ဇီဝဒီဇယ်ဆီဖြင့် မီးခွက်နှင့် မှန်အိမ်ထွန်းခြင်း၊ ဇီဝဒီဇယ်ဆီအသုံးပြုသော မီးဖိုဖြင့် ရေနွေးအိုးတည်ခြင်း၊ ထမင်းချက်ခြင်း၊ လယ်ယာသုံး စက်ကိရိယာများ မောင်းနှင်ခြင်း၊ ကြက်ဆူစေ့ကို ဆီကြိတ်ခြင်းများကို ပြသခဲ့ပါသည်။

"ရှမ်းပြည်နယ်(မြောက်ပိုင်း) အနေနဲ့ ခြံစည်းရိုးကြက်ဆူပင်ကို သမားရိုးကျ စိုက်ပျိုးခြင်းအပြင် အသီးအထွက်နှုန်းကောင်းအောင်၊ အထွက်တိုးအောင် သုတေသနပြုလုပ်ပြီး စိုက်ပျိုးနေပါတယ်။ ကြက်ဆူပင်ကို မိုးဦးကျကာလမှာသာ မဟုတ်ဘဲ စိုက်လို့ရအောင် ရေသွင်းစိုက်ပျိုးလျက်ရှိပါတယ်"ဟု တိုင်းမှူးက ဆက်လက် ပြောကြားပါသည်။

အမှတ်(၃) ကုန်းမြင့်ယာမြေ ကြက်ဆူပင် စံပြမျိုးသန့် ဧက ၁၀၀၀ တွင် စတင်စိုက်ပျိုးထားသော ကြက်ဆူပင်စိုက်ပျိုးထားမှု မြင်ကွင်း။

ထို့အပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လားရှိုး၊ ကျောက်မဲ၊ မူဆယ်၊ ကွမ်းလုံနှင့် လောက်ကိုင်ခရိုင်တို့တွင်လည်း သက်ဆိုင်ရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက တာဝန်ယူပြီး ကြက်ဆူပင် မျိုးပွားခြံနှင့် မျိုးသန့်ဇုန်များ ထူထောင်ထားကြောင်း သိရှိရပါသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မြေလွတ်မြေရိုင်း ဧကပေါင်း ရှစ်သိန်း ရှစ်သောင်းကို ဖော်ထုတ်၍ တိုင်းရင်းသားလုပ်ငန်းရှင်များအား စိုက်ပျိုးလုပ်ကိုင်စေမည်ဖြစ်ပါသည်။

"ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထုတ်လုပ်မှုဖြင့် ရရှိလာသော ဇီဝဒီဇယ်ဆီများနဲ့ ၂၀၀၇ခုနှစ်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျေးရွာများ မီးလင်းစေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဇီဝဒီဇယ်ဆီဟာ များစွာအကျိုးပြုနိုင်မှာပါ။ ကျေးလက်ဒေသသုံး ထော်လာဂျီ၊ မီးစက်၊ စပါးခြွေလှေ့စက်၊ ရေတင်စက်၊ လယ်ယာ(၁၆)လက်တွန်းထွန်စက်တွေမှာ ဇီဝဒီဇယ်ဆီကို အသုံးပြုနိုင်တော့မှာ ဖြစ်ပါတယ်။ ကြက်ဆူပင် အစေ့ကိုပျိုးပြီးစိုက်ရင် ရှစ်လကြာမှ အသီးရတယ်၊ ကိုင်းဖြတ်စိုက်ရင်တော့ ခြောက်လအတွင်း အသီးရပါတယ်။ အခုဆိုရင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နေရာတိုင်းမှာ ခြံစည်းရိုး ကြက်ဆူပင်တွေ စိုက်ပျိုးထားတာကို တွေ့ရမှာပါ"ဟု ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက ရှင်းလင်းပြောကြားခဲ့ပါသည်။

သို့ဖြစ်ရာ ခြံစည်းရိုးကြက်ဆူပင်သည် မြန်မာနိုင်ငံတွင် နေရာဒေသ၊ ရာသီမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုသဖြင့် **ကြက်ဆူပင်စိုက်လျှင် ဝင်ငွေရှင်** ဟူ၍ တင်စားလိုက်ချင်ပါတော့သည်။ ။

လားရှိုးခရိုင်တွင် စနစ်တကျ ကိုင်းဖြတ် ပျိုးထုပ်နေသော မြင်ကွင်း။

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သော စက်မှု(၁)ဈေးရောင်းပွဲတော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးစဉ်။ (စက်မှု-၁)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု စက်မှု(၁) ဈေးရောင်းပွဲတော် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနက ကျင်းပသော စက်မှု(၁)ဈေးရောင်းပွဲ တော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် စက်မှု(၁)လမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းအတွင်း၌ကျင်းပသည်။

အခမ်းအနားသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၏ဇနီး ဒေါ်ခင်ခင်ရီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ဦးစီးဌာန၊ လုပ်ငန်းများရှိ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်မှု(၁) ဈေးရောင်းပွဲတော်ကို အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းက စက်မှု(၁) ဈေးရောင်းပွဲတော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီးစက်မှု(၁)ဈေးရောင်းပွဲတော်၌ စက်မှု(၁) ထုတ်ကုန်ပစ္စည်းများရောင်းချနေသော မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်းတို့၏ အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ဖွင့်လှစ်သည့် စက်မှု(၁) ဈေးရောင်းပွဲတော်ကို ကမ္ဘာအေးစေတီလမ်းနှင့် စက်မှု(၁)လမ်း အမှတ်(၁) စက်မှုဝန်ကြီးဌာန ရုံးဝင်းဘေးပတ်လမ်းတစ်လျှောက် ဖွင့်လှစ်ရောင်းချရာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် စက်မှု(၁)မှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းမျိုးစုံကို အထူးဈေးနှုန်းဖြင့် လက်လီလက်ကား ရောင်းချပေးမည်ဖြစ်ရာ မည်သူမဆိုလာရောက် ဝယ်ယူနိုင်သည်။ ဈေးရောင်းပွဲတော်လာရောက်သူများ အပန်းဖြေနိုင်ရန် ညစဉ် ၆ နာရီမှ ည ၈ နာရီအထိ စင်တင်တေးဂီတများဖြင့် သီဆိုဖျော်ဖြေပေးမည်ဖြစ်ပြီး စားသောက်ဆိုင်များ ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်သည်။

ယနေ့ဖွင့်လှစ်သည့် အထူးဈေးရောင်းပွဲတော်ကို ယနေ့မှ ဖေဖော်ဝါရီ ၅ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ည ၈ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

စက်မှု(၁) ဈေးရောင်းပွဲတော် ဝန်ကြီးဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁

၂၀၀၆ခုနှစ်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနက ဈေးရောင်းပွဲတော်ကို ရန်ကုန်တိုင်း ဗဟန်းမြို့နယ် စက်မှု(၁) လမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝင်းအတွင်း၌ ကျင်းပလျက်ရှိရာ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်အတူ ယနေ့ညနေပိုင်းတွင်ရောက်ရှိ၍ စက်မှု(၁)ဈေးရောင်းပွဲတော်၌ စက်မှု(၁) ထုတ်ကုန်ပစ္စည်းများရောင်းချနေသော အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စည်ကား

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်တွင် စက်မှု(၁) ထွက်ကုန်ပစ္စည်းအမယ်ပေါင်း ၃၃၃ မျိုးကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချ လျက်ရှိပြီး ဈေးဝယ်သူများ စည်ကားလျက်ရှိသည်ကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် စက်မှု(၁)မှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်း ၃၃၃ မျိုးကို အထူးဈေးနှုန်းဖြင့် လက်လီလက်ကားရောင်းချပေးလျက်ရှိပြီး မည်သူမဆိုလာရောက်ဝယ်ယူနိုင်ကြောင်းနှင့် ဈေးရောင်းပွဲတော်လာရောက်သူများအား အပန်းပြေစေရန် စင်တင်တေးဂီတများဖြင့် သီဆိုဖျော်ဖြေပေးမည်ဖြစ်ပြီး စားသောက်ဆိုင်များလည်း ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁) ကမ္ဘောဇလမ်းနေ ဦးအေးကို-ဒေါ်မိမိလေး၊သား၊သမီး၊ မြေး၊မြစ်များက အလှူငွေကျပ်ငါးသိန်းကို ကျောင်းဆောက်ဖြစ်မြောက်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးကြီးဘုန်းမြင့်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

စာပေဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ဘီတွတ်စံပြကျေးရွာ ပုညာရာမကျောင်း ဆရာတော် ဘဒ္ဒန္တ နာရဒနှင့် ဂန့်အိပ်ကျေးရွာ ဇေတဝန်ကျောင်းသစ် ဆရာတော်ဘဒ္ဒန္တ ပညာနန္ဒတို့၏ ဦးဆောင်မှုဖြင့် စာရေးဆရာချစ်ဦးညို၊ လယ်တွင်းသားစောချစ်၊ အကယ်ဒမီ ဒါရိုက်တာ ကြည်စိုးထွန်း၊ ဖိုးကင်း(ပညာရေး)၊ မောင်ဘုန်းဝေ (တောင်ကုတ်)နှင့် မာမာ(အညာမြေ)တို့က ကျေးရွာစာကြည့်တိုက် တည်ဆောက်ရေးအထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၁ ရက်နှင့် ၁၂ရက်တို့တွင် အထက်ပါကျေးရွာများ၌ စာပေရေးရာများ ဟောပြောကြမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ပို့ဆောင်ရေး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် သံလွင်သင်္ဘောကျင်းနှင့်မော်လမြိုင်လေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်သည် ဇန်နဝါရီ ၂၇ရက်တွင် သံလွင်သင်္ဘောကျင်း(မုတ္တမ)သို့ရောက်ရှိရာ သံလွင်ဌာနခွဲ၏ ရေယာဉ်ခရီးလမ်းများနှင့် ရေယာဉ်ပြေးဆွဲမှုအခြေအနေ၊ ခရီးသည်ပို့ဆောင်နိုင်မှု အခြေအနေ၊ သံလွင်သင်္ဘောကျင်း၏ သမိုင်းကြောင်းနှင့်ရေယာဉ်များ/တွဲရေယာဉ်များ လွန်းတင်ပြင်ဆင်နိုင်မှုအခြေအနေတို့ကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သံလွင်ရိပ်သာ၌ ဝန်ကြီးဌာနအောက်ရှိ ဌာနတာဝန်ခံများနှင့် သင်္ဘောကျင်းဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန်နှင့် ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး သင်္ဘောကျင်းအတွင်း ရေယာဉ်/တွဲရေယာဉ်များ လွန်းတင်ပြင်ဆင်နေမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများအချိန်နှင့်တစ်ပြေးညီ ပြီးစီးရေးနှင့် စံချိန်စံညွှန်းမီအောင် စနစ်တကျ ပြုပြင်ဆောင်ရွက်ကြရန် မှာကြားသည်။

ဒုတိယဝန်ကြီးနှင့် ဇနီးဒေါ်ဝေဝေတို့သည် ဇန်နဝါရီ ၂၈ ရက်တွင် မော်လမြိုင်မြို့ သုခရမ္မကျောင်းတိုက် ကျောင်းဆောင် တိုးချဲ့ဆောက်လုပ်လှူဒါန်းခြင်း သံဃဒါန အလှူတော် မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး သံလွင်ဌာနခွဲ ရုံးသစ်သို့ ရောက်ရှိပြီး သံလွင်ဌာနခွဲရှိ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များကိုမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန မော်လမြိုင်လေဆိပ်သို့ ရောက်ရှိပြီး လေဆိပ်ခန်းမ၌ မော်လမြိုင်လေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်ရေး လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လေယာဉ်ပြေးလမ်းတစ်လျှောက်မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းမီ ပြီးစီးအောင် ဆောင်ရွက်သွားရန်မှာကြား ဖြည့်ဆည်းပေးသည်။

ဒုတိယဝန်ကြီးနှင့်ဇနီး ဒေါ်ဝေဝေတို့သည် ဇန်နဝါရီ ၂၉ ရက်တွင် မော်လမြိုင်မြို့ ရတနာဘုံမြင့်ကျောင်းတိုက်ကြီး၌ ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ သမိုင်းဝင်ရှေးဟောင်း ရတနာဘုံမြင့် ကျောင်းတိုက်ကြီး ရေရှည်တည်တံ့ရေးနှင့် ဘက်စုံမွမ်းမံပြင်ဆင်မှုများ ဆောင်ရွက်ရန် အလှူတော်ငွေ ကျပ်၁၅သိန်းကို ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တတေဇောဘာသထံ လှူဒါန်းကြသည်။ (သတင်းစဉ်)

ဇန်နဝါရီ ၃၁ရက်က အထက (၁) မင်္ဂလာတောင်ညွန့်၌ ကျင်းပသည့် အားကစားသမားများဂုဏ်ပြုပွဲတွင် အမှတ်(၃) အခြေခံပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ကြီးမှူးပြုလုပ်သော ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသားသက်ငယ်တန်း၌ ဗိုလ်စွဲ၍ရရှိခဲ့သော ဆုဖလားကို အုပ်ချုပ်သူနည်းပြနှင့် အသင်းခေါင်းဆောင်တို့က ကျောင်းအုပ်ဆရာကြီးဦးလှသောင်းထံအပ်နှံစဉ်။ (၁၁၄)

ပုသိမ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

ပုသိမ်အသင်း(ရန်ကုန်)၏ အသင်းဝင် အသက်(၇၅)နှစ်နှင့်အထက် ပုဂ္ဂိုလ်များ ပူဇော်ပွဲ၊ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင်သား၊သမီးများ၏ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း ဧရာဝတီတိုင်းဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ ကန်တော့ခံပုဂ္ဂိုလ်များ၏ နိုင်ငံသား စိစစ်ရေး ကတ်ပြားနှင့် ကျောင်းသား၊ကျောင်းသူများအနေဖြင့် အမှတ်စာရင်း ထောက်ခံချက်တို့ကို ဖေဖော်ဝါရီ ၁၂ရက် နောက်ဆုံးထား၍ ပုသိမ်အသင်း(ရန်ကုန်)သို့ပေးပို့ကြရမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးသန်းထွန်း ဖုန်း-၀၉၅၀၀-၂၉၂၅၊အတွင်းရေးမှူးဦးစိုးဟန်လင်းဖုန်း-၂၉၀၄၇၇၊ ဘဏ္ဍာရေးမှူးဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ ပုသိမ်အသင်း (ရန်ကုန်) ဖုန်း-၃၇၉၂၅၈နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

သစ္စာဒီပကဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာ အဖွဲ့ချုပ်ဓမ္မာရုံတွင် (၆၃)ကြိမ်မြောက် အထူးခုနစ်ရက် တရားစခန်းပွဲကို အလှူ့ဒါယကာ ဦးကျော်ဝင်း-အလှူ့ဒါယိကာမ ဒေါ်ဘေဘီဝင်း မိသားစုက မတည်၍ မူလကမ္မဋ္ဌာနာစရိယဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း ဓမ္မာနုပဿနာ သတိပဋ္ဌာန်ခုနစ်ရက် တရားစခန်းပွဲကို နာယက အဘလှိုင်အား အမှူးထား၍ ဓမ္မကထိက ဆရာဦးသိန်းဆွေနှင့် ဓမ္မကထိကများက ဖေဖော်ဝါရီ ၅ရက်မှ ၁၁ရက်အထိကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများဖေဖော်ဝါရီ ၄ ရက် ညနေ ၅ နာရီ အရောက် စာရင်းပေးသွင်း ဝင်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

ထေရဝါဒ ဗုဒ္ဓသာသနာပြုရဟန်းတော်များ သင်တန်းနှင့် တိုင်းရင်းဆေးအခြေခံပညာပေးသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ထေရဝါဒဗုဒ္ဓ သာသနာပြု ရဟန်းတော် သင်တန်း အမှတ်စဉ် (၁၆)နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်း အမှတ်စဉ် (၇/၂၀၀၆) ဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသဘင်ခမ်းမှာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းသားရဟန်းတော်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ထေရဝါဒ ဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသ ဆရာတော်က သင်တန်းဆင်း ဩဝါဒကထာ မြွက်ကြားသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများက ဆရာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သင်တန်းဆင်း သံဃာတော်များအား သာသနာပြု ရဟန်းတော် သင်တန်းဆင်း လက်မှတ်များ ဆက်ကပ်ခြင်း၊ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေး သင်တန်းဆင်းလက်မှတ်များဆက်ကပ်ခြင်းနှင့် ထူးချွန်သော သံဃာတော်များအား ဂုဏ်ပြုဆုများ ဆက်ကပ်ခြင်းနှင့် တိုင်းရင်းဆေး ပညာဦးစီးဌာနမှ သင်တန်းနည်းပြဆရာများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒသိရီ ဆရာတော်က အနုမောဒနာနှင့် ရေစက်ချ တရားဟောကြားချီးမြှင့်ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း အလုပ်ရုံဆွေးနွေးပွဲ အပတ်စဉ်(၅) ပိတ်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေး အမှာစကားပြောကြားစဉ်။ (ကျန်းမာရေး)

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ထေရဝါဒ ဗုဒ္ဓသာသနာပြု ရဟန်းတော် သင်တန်းအမှတ်စဉ် (၁၆)နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာ ပေးသင်တန်း အမှတ်စဉ် (၇/၂၀၀၆) ဆင်းပွဲတွင် ထူးချွန်သော သံဃာတော်တစ်ပါးအား သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဂုဏ်ပြုဆုဆက်ကပ်စဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်ငွေသည် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြလွင်၊ ပြည်နယ် အမျိုးသမီးရေးရာ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ ပြည်နယ်၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ လိုက်ပါလျက် ဇန်နဝါရီ ၂၂ရက် မွန်းတည့် ၁၂နာရီတွင် ညောင်ရွှေမြို့ အင်းလေးဒေသ၊ မိုင်းသောက်ကျေးရွာအုပ်စုသို့ ရောက်ရှိပြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးများနှင့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

အစီအစဉ်အရ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြလွင်က အမျိုးသမီးရေးရာအဖွဲ့၏ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ညောင်ရွှေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်တင့်တင့်နွယ်က မိခင်သေနှုန်း ကျဆင်းရေး၊ ကလေးသေနှုန်း ကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှု အခြေအနေများအား လည်းကောင်း အသီးသီး ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ပြည်နယ်နာယကက ကျန်းမာရေးပညာပေး လက်ကမ်းစာစောင်များနှင့် ပိုစတာများအား မိုင်းသောက်ကျေးရွာအုပ်စုမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင် ဒေါ်ခင်စန်းရီအား ပေးအပ်သည်။

ဆွေးနွေး

ဆက်လက်ပြီး မိုင်းသောက်ကျေးရွာအုပ်စုရှိ ကျေးရွာများမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်လျှောက်လွှာများအား ပေးအပ်ရာ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်မြင့်ဝေနှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်မြမြဝင်းတို့က လက်ခံရယူပြီး ပြည်နယ်နာယကနှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသူများနှင့်ရင်းရင်းနှီးနှီး စကားဝိုင်းဖွဲ့ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲသို့ မိုင်းသောက်ကျေးရွာအုပ်စုရှိ ကျေးရွာ ၁၇ ရွာမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးများ စုစုပေါင်း အင်အား ၁၈၈ ဦး တက်ရောက်ခဲ့ကြသည်။ (မိခင်/ကလေး)

သိန်း (၅၀၀) ကံထူးရှင်ရွေးချယ်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

(၂၀၅)ကြိမ်မြောက် ကျပ် ၁၀၀ တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ကျပ်သိန်း ၅၀၀ အထူးဆု

ထ-၆၂၅၇၆၇

ကျပ်သိန်း ၃၀၀ ဆုများ

တ-၂၄၆၄၅၃
ခ-၆၈၄၁၆၀

ကျပ်သိန်း ၂၀၀ ဆုများ

ဆ-၄၈၃၄၆၄
ဗ-၁၅၆၈၇၈
ဖ-၆၇၂၅၉၇
ည-၇၁၉၇၄၁

ကျပ်သိန်း ၁၀၀ ဆုများ

င-၈၁၉၅၆၃
ဒ-၈၅၇၄၈၆
ဓ-၆၉၂၈၄၁
ဗ-၄၄၇၁၉၉
ဖ-၃၆၄၆၃၆

ကျပ်သိန်း ၁၀၀ (မင်္ဂလာစုံတွဲ)ဆုများ

ဌ-၇၆၈၂၆၆
ဓ-၂၅၉၅၈၂
ထ-၅၃၄၁၆၉
ဍ-၃၇၂၀၃၇
န-၂၂၁၁၉၆
ဘ-၇၄၄၁၆၈
ဃ-၂၃၆၄၂၈
န-၂၄၅၉၀၃
ဘ-၈၆၇၅၃၉
ည-၄၄၆၉၇၅
ဓ-၇၂၃၂၀၉
ဏ-၈၀၄၅၉၃
ထ-၅၂၀၄၃၅
ဈ-၅၇၀၇၅၉
ဓ-၄၉၅၁၀၆

ဆေးနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း အလုပ်ရုံဆွေးနွေးပွဲ အပတ်စဉ် (၅) ပိတ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် ပုဇွန်တောင်မြို့နယ် (၄၉)လမ်း အမှတ် (၉၁/၉၃)၌ ကျင်းပရာ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက်သင်တန်းမှူး ဒေါက်တာမီမီကိုက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းမှ မြန်မာနိုင်ငံ စာရင်းကိုင်များအသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းကာ သင်တန်းပို့ချပေးသော ဆရာဝန်ကြီးများအား တာဝန်ရှိသူတို့က ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်း အောင်လက်မှတ်များကို ပေးအပ်သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ သင်တန်းသူ ၁၂၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၁၇ ရက်ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၁-၂-၂၀၀၆

ဟားခါး

၂ ဒီဂရီစင်တီဂရိတ်

ပင်လောင်း

၄ ဒီဂရီစင်တီဂရိတ်

ဇန်နဝါရီ ၂၀ရက်က မြန်မာ့မီးရထားလုပ်ငန်းနှင့် M.Y Associates Co., Ltd. **တို့ ပူးပေါင်းပြီး ဆန်းမစ်ပတ်ခ်ဗျူး ဟိုတယ်၌ ကျင်းပသော စက်ပစ္စည်းအစိတ်အပိုင်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုမ္ပဏီနှင့် အသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ စက်မှုကျွမ်းကျင်ပညာရှင်များက စက်ပစ္စည်းအစိတ်အပိုင်းများကို ကြည့်ရှုလေ့လာကြစဉ်။** (ရထားပို့ဆောင်ရေး)

ပြည်ပပို့ကုန် သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ကွင်းဆင်းကြည့်ရှု

ရန်ကုန် ဖေဖော်ဝါရီ ၁

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း(အနောက်) ပေါင်းတည်မြို့သို့ ရောက်ရှိပြီး ရင်းတိုက်မော်ကျေးရွာအုပ်စု မီးလောင်ကုန်းကျေးရွာရှိ စတီးစတုန်းကုမ္ပဏီ၏ ပြည်ပပို့ကုန် ကြက်သွန်နီ ဧက ၅၀ စိုက်ကွင်း၏ စိုက်ပျိုးထားရှိမှုများ၊ လေရဟတ်သုံး ရေတင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများ၊ ကျေးရွာရပ်မိ ရပ်ဖများနှင့် တွေ့ဆုံ၍ ကြက်သွန်နီနှင့် ဝင်ငွေရ အခြားသီးနှံစိုက်ပျိုးမှုများကို ယခုထက်ပိုမို တိုးချဲ့လုပ်ကိုင်ကြရန် ဆွေးနွေးမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် အောင်လံမြို့ ကြေးနီချောင်း တစ်လျှောက် ကြက်သွန်စိုက်ခင်းများ၊ ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ချောင်း တစ်လျှောက် ရွှေမိသားစုကုမ္ပဏီ၏ ပြည်ပို့ကုန်သီးနှံ ကြက်သွန်နီစိုက်ခင်းများကို ကြည့်ရှုအားပေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးသည် ဇန်နဝါရီ ၂၉ရက် နံနက်ပိုင်းတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ လိုက်ပါလျက် မကွေးတိုင်း ရှားပင်လှ ကျေးရွာရှိ ပြည်ပပို့ကုန်သီးနှံ ကြက်သွန်နီများ စိုက်ပျိုးလျက်ရှိကြသော ရွှေဝါမြေကုမ္ပဏီ၊ GOLDEN CORP ကုမ္ပဏီနှင့် MSKM ကုမ္ပဏီများ၏ စိုက်ခင်းများကိုလည်းကောင်း၊ နတ်မောက်မြို့ ပင်းချောင်းအတွင်း ပြည့်ဖြိုးအောင်နှင့် ညီနောင်များ ကုမ္ပဏီ၏ စိန်တလုံး သရက်ပျိုးဥယျာဉ်၊ ကြက်သွန်နီစိုက်ခင်းများနှင့် သိုလှောင်ရုံများကို လည်းကောင်း ကြည့်ရှုအားပေးပြီး ပြည့်ဖြိုးအောင် ကုမ္ပဏီ၏ ကြက်ဆူပင် ၁၂ သိန်း ပျိုးထောင်ထားသည့် ကြက်ဆူပျိုးခင်း၌ ကြက်ဆူမျိုးစေ့များကို စပေါင်းမျိုးစေ့ချ စိုက်ပျိုးပေးကာ ပျိုးခင်းအတွင်း လှည့်လည် ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း မြို့သစ်မြို့ ယင်းချောင်း တစ်လျှောက်၌ တိုးတက်လင်း၊ နယူးဂိုးဒင်းဂိတ်ကုမ္ပဏီ၏ ကြက်သွန်စိုက်ခင်းများနှင့် သိုလှောင်ရုံများ၌ သန့်စင် သိုလှောင်မှုများကို ဝင်ရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း (အရှေ့) ရေတာရှည်မြို့နယ်သို့ ရောက်ရှိပြီး ဆွာချောင်းအတွင်း ဖော်ထုတ်စိုက်ပျိုးလျက်ရှိသော Myanmar Belle ကုမ္ပဏီ၏ ကြက်သွန်ဧက ၁၅၀ စိုက်ခင်းကို လည်းကောင်း၊ တောင်ငူမြို့ ခပေါင်းချောင်းအတွင်း ပြည်ပပို့ကုန် ကြက်သွန်စိုက်ပျိုးလျက်ရှိကြသော ကုမ္ပဏီများ၏ စိုက်ခင်းများကို လည်းကောင်း ကြည့်ရှုအားပေးပြီး ရှင်းလင်းဆောင်၌ စိုက်ပျိုးရေးကုမ္ပဏီများမှ တာဝန်ခံများက စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများနှင့်တိုးချဲ့လုပ်ကိုင်မည့် လုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးကြရာ ဝန်ကြီးကလိုအပ်သည်များမှာကြားခဲ့သည်။

(သတင်းစဉ်)

သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်တွင် တည်ရှိသော သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင် ဆုတောင်းပြည့်စေတီတော်ကြီး၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော (၁၀၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၃၆၇-ခုနှစ် တပို့တွဲလဆန်း၁၃ရက်) ဖေဖော်ဝါရီ ၁၀ ရက်မှ (တပို့တွဲလပြည့်ကျော် ၂ရက်) ဖေဖော်ဝါရီ ၁၄ရက်ထိ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပမည်ဖြစ်သည်။

ဆွမ်းတော်ကြီးတင်လှူပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ မြန်မာ့ရိုးရာ ထမနဲထိုးပွဲနှင့် မဟာဒုက်ဘုရား ဖွင့်ပွဲများကို ကျင်းပမည်ဖြစ်ရာ တစ်ဦးချင်း အလှူရှင်များအနေနှင့်သော်လည်းကောင်း၊ ဌာနဆိုင်ရာ အလှူရှင်များနှင့် အသင်းအဖွဲ့အလှူရှင်များ သီးခြားနေရာစီစဉ်ထားရှိပေးမည်ဖြစ်သည်။ ဆွမ်းဆန်အိတ် ဆန်၊ဆီ၊ဆားအပြည့်အစုံ တစ်အိတ်ငွေကျပ် ၄၀၀၀၊ ထမနဲ တစ်ဒယ် ငွေကျပ် ၈၀၀၀ နှုန်းဖြင့် ပါဝင်လှူဒါန်းလိုပါက ကျင်းပရေးကော်မတီ ဖုန်း-၅၆၄၀၂၉ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေရှိ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ကြီး၏ (၅၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပမည် ဖြစ်ရာ ဖေဖော်ဝါရီ ၆ ရက် နံနက် ၆ နာရီခွဲတွင် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ ကျင်းပခြင်း၊ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၇ နာရီတွင် စေတီတော်မြတ်ကြီးအား ပင့်သံဃာတော် ၁၀၈ ပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ရေစက်ချပွဲ ကျင်းပခြင်း၊ နံနက် ၈ နာရီတွင် ပင့်သံဃာ ၁၀၈ ပါးနှင့် သီလရှင် ၃၁ ပါးတို့အား စေတီရင်ပြင်၌ ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပခြင်းတို့ကို ပြုလုပ်မည်ဖြစ်သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း သန်လျင်မြို့ရှိ ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်တွင် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား အမှာစကား ပြောကြားစဉ်။

(သမဝါယမ)

ဝန်ကြီး ဗိုလ်ချုပ် လှထွန်းအား ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Mohamed Khairuzzaman သည် ယနေ့ညနေ ၃ နာရီတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံ သည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန် ဘက်စုံစိုက်ပျိုးရေးခြံ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပုနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီတွင် နောင်ချိုမြို့နယ် ဘန့်ကွေး ကျေးရွာအနီးရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန၏ ဘက်စုံစိုက်ပျိုးရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်သည် စိုက်ပျိုးရေးခြံအတွင်း ကော်ဖီနှင့် မက်မွန်ပင် တစ်ဧက စမ်းသပ်စိုက်ခင်း ဖြစ်ထွန်းအောင်မြင်မှု၊ ကော်ဖီ ၁၀ ဧကစိုက်ခင်း၌ အပင်တစ်သောင်းကျော် စိုက်ပျိုးပြီးစီးမှုနှင့် ဆားငန်သီးပင်များ စိုက်ပျိုးရန် မြေဧကများပြုပြင်ထားရှိမှုနှင့် ဆားငန်ပင်များစမ်းသပ် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူးက လုပ်ငန်းအလိုက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ဘက်စုံခြံအတွင်း ဒေသန္တရနွားမအကောင် ၅၀ မွေးမြူထားရှိမှုနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန် မြေနေရာ ရွေးချယ်မှုအခြေအနေကိုလည်းကောင်း၊ နောင်ချိုမြို့နယ် အုမ္မခါး ကျေးရွာအနီး ကော်ဖီပင်တိုးချဲ့စိုက်ပျိုးမည့် မြေနေရာကိုလည်းကောင်း၊ ပျိုးဥယျာဉ်ခြံမြေအတွင်း မက်မွန်၊ ကော်ဖီ၊ ဆားငန်ပင်၊ စပျစ်ပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုလေ့လာသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ရေတံခွန်တောင်ဒေသရှိ စိုက်ပျိုးမွေးမြူရေးခြံ အမှတ်(၂)သို့ ရောက်ရှိပြီး ခြံအတွင်းမွေးမြူထားသော အသားစားကြက်မွေးမြူရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ကြက်များရောဂါအန္တရာယ်ကင်းစင်ရေး၊ မြို့နေလူထု စားသုံးမှု သက်သာချောင်ချိရေးအတွက် ကြက်အသားတိုး ထုတ်လုပ်မှုအောင်မြင်ရေး၊ ခြံဝန်းကျင်အစဉ်မြဲသန့်ရှင်းနေစေရေးအတွက် ဌာနမှူးနှင့် ခြံတာဝန်ခံများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် စိုက်ပျိုးမွေးမြူရေးခြံအမှတ်(၁)သို့ သွားရောက်ကာ ဝက်ခြံအတွင်း ဝက်မကြီးများနှင့် ဝက်ငယ်အကောင် ၁၁၀ မွေးမြူထားရှိမှု၊ ငါးမွေးမြူရေးကန်များအတွင်း ငါးများ မွေးမြူထားရှိမှု၊ ခြံစည်းရိုးကြက်ဆူပင် ၁၅၀၀၀၀ ပျိုးထောင်ထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်သမဝါယမဒီဂရီကောလိပ် ဥတ္တရဆောင်တည်ဆောက်မှု ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် သန်လျင်မြို့ရှိ ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ကောလိပ်ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံရာ ကောလိပ်ကျောင်းအုပ်ကြီးက ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်၏ သမိုင်းကြောင်းနှင့် လက်ရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ အခြေအနေ၊ စာသင်ကြားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နဂါးမင်း ဆောက်လုပ်ရေးသမဝါယမအသင်း ဥက္ကဋ္ဌက ဥတ္တရဆောင်၏ စာသင်ခန်းမ Theatre ဆောက်လုပ်ပြီးစီးမှု ရာခိုင်နှုန်းနှင့် ဆက်လက်ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ဆရာ၊ ဆရာမများ၏အရည်အချင်း တိုးတက်မြင့်မားအောင် ဆောင်ရွက်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများအား ဗဟုသုတ ဉာဏ်ရည်မြင့်မား စဉ်းစားချင့်ချိန်နိုင်စွမ်းရှိသော၊ နိုင်ငံချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝသော လူငယ်များဖြစ်ရေး စေတနာထား၍ သင်ကြားလေ့ကျင့်ပေးရန် ဆွေးနွေးမှာကြားပြီး ဥတ္တရဆောင် တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့ ॥

၂၀၀၆-ခုနှစ်၊ ဇန်နဝါရီလ (၂၅)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၄၈၈၈၀)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၂-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၀ ၇။ အကပဒေသာ
၈:၂၅ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ- တတိယနှစ် (သင်္ချာအထူးပြု)(သင်္ချာ)
၄:၅၅ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၁၀ ၆။ အရေးပြိုင်ပွဲ
၅:၂၀ ၇။ မြန်မာစာ၊မြန်မာစကား
၅:၃၅ ၈။ အတီးပြိုင်ပွဲ
၅:၄၀ ၉။ **"အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ" (စိုးသူ၊နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ ကောင်းစုရာန်သစ်၊ ယင်းမာ) (ဒါရိုက်တာ-စောနန္ဒာလှိုင်)**
၅:၅၀ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ ရုပ်မြင်ရသတေးစုကဏ္ဍ
၆:၄၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်မေတ္တာ" (အပိုင်း-၁)**
၇:၃၅ ၁၅။ ဝင်ငွေတိုး၍ ဒေသဖွံ့ဖြိုးစေမည့်ဆင်းရွှေလီ
၇:၄၅ ၁၆။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဍာန်နှင့် အနှစ်သာရ
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီအိပ်မက်" (အပိုင်း-၃)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသား သင်တန်းသူများ ကျောင်းပြင်ပ ပညာရေးအစီအစဉ်အရ လေ့လာရေးထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ (ဘီအီးဒီ)သင်တန်းအမှတ်စဉ်(၃၇)မှ သင်တန်းသား သင်တန်းသူများသည် ကျောင်းပြင်ပ ပညာရေးလေ့လာရေးအစီအစဉ်အရ အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်အေးအေးကြိုင်နှင့်အတူ လေ့လာရေးအဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၅ရက် နံနက်ပိုင်းတွင် တောင်တွင်းကြီးမြို့ သာသနာ့ဗိမာန်တော်ကြီးမှတစ်ဆင့် ဗိဿနိုးမြို့ဟောင်းသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြရာ ဗိဿနိုးမြို့ဟောင်း ပြခန်းတာဝန်ခံ ဦးခင်မောင်ကြီးက ဗိဿနိုးမြို့ဟောင်းတူးဖော်ပြီးစီးမှုအခြေအနေနှင့် ပျူခေတ်အသုံးအဆောင်ပစ္စည်းများကို ပြသပြီး မြို့ဟောင်းကုန်းများ တူးဖော်ပြီးစီးမှုများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းသားများသည် ဗိဿနိုးမြို့ဟောင်း၌ တူးဖော်ပြီးစီးသော ကုန်းများကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် သင်တန်းသား လေ့လာရေးအဖွဲ့ဝင်များသည် မကွေး မြသလွန်စေတီတော်ကြီးကို ရောက်ရှိပြီး စေတီတော်မြတ်ကြီးကို ပန်း၊ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ဖူးမြော်ကြည်ညို ကြသည်။ ယင်းနောက် လေ့လာရေး အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်အေး အေးကြိုင်က စုပေါင်းလှူဒါန်းသည့်အလှူ ငွေကျပ်ငါးသောင်းကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌထံသို့ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ညပိုင်းတွင် လေ့လာ ရေးအဖွဲ့ဝင်များအား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ က မြို့တော်ခန်းမ၌ ဂုဏ်ပြုညစာ စားပွဲဖြင့် ဧည့်ခံသည်။

ယင်းနောက် မကွေးမြို့၌ ညအိပ် ရပ်နားသည်။

ပေးအပ်လှူဒါန်း

ဇန်နဝါရီ ၂၆ရက် နံနက်၁၀နာရီတွင် မကွေးမြို့မှ ပုဂံညောင်ဦးမြို့ရှိ ရွှေစည်းခုံ ဘုရားသို့ရောက်ရှိကြရာ ရွှေစည်းခုံ ဘုရားရင်ပြင်တော် တန်ဆောင်း၌ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးတေဇက နှုတ်ခွန်းဆက် စကား ပြောကြားသည်။ ထို့နောက် ရွှေစည်းခုံဘုရားအတွက် အလှူတော်ငွေ များကို သင်တန်းသား လေ့လာရေး အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်အေး အေးကြိုင်က ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ပုဂံယဉ်ကျေးမှုအမွေ အနှစ်များအကြောင်းနှင့် ရွှေစည်းခုံ ဘုရားသမိုင်းကို ရှေးဟောင်းသုတေ သနဌာန(ပုဂံ)ညွှန်ကြားရေးမှူးဦးအောင် နိုင်မြင့်က ရှင်းလင်းပြောကြား သည်။

ထို့နောက် ရွှေစည်းခုံဘုရားကို လေ့လာရေး သင်တန်းသားများက လက်ယာရစ် ဖူးမြော်ကြည်ညိုကြ သည်။

သွားရောက်လေ့လာ

ထို့နောက် အလိုတော်ပြည့်ဘုရားနှင့် အာနန္ဒာဘုရားတို့အား လှည့်လည် ဖူးမြော်ပြီးနောက် ယွန်းပညာကောလိပ် နှင့် ရှေးဟောင်းသုတေသန ပြတိုက် တို့သို့ သွားရောက်လေ့လာကြသည်။ ယင်းနောက် မွန်းလွဲပိုင်းတွင် ပုပ္ပား တောင်ကလပ်သို့ ဆက်လက် သွားရောက်လေ့လာကြပြီး ရွှေဂူချောင် ၌ ညအိပ်ရပ်နားကြသည်။

အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်အေးအေးကြိုင်နှင့် လေ့လာရေးအဖွဲ့ ဝင်များသည် ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ပုပ္ပားရွှေဂူချောင်မှ ကြက်မောက်တောင်ဆည် ရေလှောင် တမံသို့ ရောက်ရှိကြရာ ရှင်းလင်း ဆောင်၌ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့် သိန်း(၄)က ကြက်မောက်တောင်ဆည် ရေလှောင်တမံဆိုင်ရာ သိကောင်း စရာများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြသ

ထို့နောက် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့် သိန်း(၄)နှင့် တာဝန်ရှိသူတို့က ကြက် မောက်တောင်ဆည် ရေလှောင်တမံ အတွင်း လေ့လာရေးအဖွဲ့ဝင်များအား လိုက်လံရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် သင်တန်းသားလေ့လာ ရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကျောက်ဆည်စက်မှု နယ်မြေစက်ရုံများ ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။ ရှင်းလင်းဆောင်၌ ရှေးဦးစွာ ဘိလပ် မြေစက်ရုံမှူး ဒုတိယဗိုလ်မှူးကြီး စိန်အောင်က လည်းကောင်း၊ သကြား လုံးစက်ရုံမှူး ဗိုလ်ကြီးလှိုင်မျိုးအောင်က လည်းကောင်း၊ စွပ်ကျယ်စက်ရုံ ဒုတိယ စက်ရုံမှူးဦးဌေးမောင်က လည်းကောင်း၊ ဖိနပ်စက်ရုံမှူး ဦးခင်မောင်ဌေးက လည်းကောင်း၊အပ်ချုပ်စက်ရုံမှူး ဒုတိယ ဗိုလ်မှူးကြီးထွန်းလင်းက လည်းကောင်း၊ စက်ဘီးစက်ရုံမှူး ဗိုလ်မှူးစိုးနီက လည်းကောင်း၊ပလတ်စတစ်စက်ရုံမှူး ဗိုလ်ကြီးတေဇာကျော်က လည်းကောင်း၊ မီးခံအုတ်စက် စက်ရုံမှူး ဦးမြင့်ဆွေက လည်းကောင်း စက်ရုံအသီးသီး၏ သိကောင်းစရာများကို ရုပ်ပုံကားချပ် များဖြင့် ရှင်းလင်းပြောကြားကာ လေ့လာရေးအထိမ်းအမှတ် အလံများ အပြန်အလှန် လဲလှယ်ကြပြီးနောက် စက်ရုံများကို လေ့လာကြသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် သင်တန်းသားလေ့လာ ရေးအဖွဲ့ဝင်များသည် ကျောက်ဆည် နယ်မြေစက်ရုံများမှတစ်ဆင့် စစ်ကိုင်း တိုင်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုး များဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ဆက်လက် ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ပြန်လည် ရောက်ရှိကြပြီး လေ့လာရေးသင်တန်း သား သင်တန်းသူများအား ကျောင်းဝင်း အတွင်း မြက်ခင်းပြင်၌ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒုတိယ ဗိုလ်မှူးကြီး ညီညီစံနှင့် ဌာနမှူး၊ နည်းပြ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကာ လေ့လာရေးခရီး အောင်မြင်စွာ ပြီး မြောက်ခြင်း အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို ကျင်းပ သည်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၇) သင်တန်းသား၊ သင်တန်းသူများ တောင်တွင်းကြီးမြို့ ဗိဿနိုးမြို့ဟောင်း၌ တူးဖော်ပြီးစီးသောကုန်းများတွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

သံဃဝိနယာဓိက စာပြန်–စာဖြေပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၆)ရပ်ကွက် အောင်ဓမ္မရိပ်သာ ကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သတ္တမအကြိမ် မြို့နယ်လုံးဆိုင်ရာ သံဃဝိနယာဓိက စာပြန်–စာဖြေပွဲနှင့် စာအောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြို့နယ်အတွင်း ဝါဆိုကြသော သံဃာတော်နှင့်သာမဏေများ ကြွရောက်တော်မူကြပါရန်နှင့် ဖုန်း–၅၈၀၈၈၁ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

အသံမစဲ ပဋ္ဌာန်းပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

မင်္ဂလာတောင်ညွန့်မြို့နယ် ဒေဝသာဂရသိမ်ကုန်း ဓမ္မိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၏ ဒွါဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်၊ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ပဓာန နာယက ဆရာတော်ကြီး သုံးပါးပူဇော်ပွဲနှင့် ပထမပြန်စာ အောင်သံဃာဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၆ရက်မှ ၁၂ရက်အထိ ကျင်းပမည် ဖြစ်ရာလှူဒါန်းလိုသူများ ဖုန်း–၃၈၅၀၇၂နှင့် ဥပဋ္ဌာကအဖွဲ့ သို့လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြု တာချီလိတ်မြို့တွင် ကမ်းနားလမ်းသစ်ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံ သောအားဖြင့် တာချီလိတ်မြို့ မယ်ခေါင် ရပ်ကွက်ပတ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ရက် နံနက် ၉ နာရီတွင် အဆိုပါလမ်းထိပ် မုခ်ဦး၌ကျင်းပရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား ရေးမှူး ဦးတင်လှိုင်၊ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေး၊ မယ်ခေါင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးနန်စောတို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။

မယ်ခေါင်ရပ်ကွက်ပတ်လမ်းကတ္တရာ လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ်၂၁၈၅၀၀၀ဖြင့် အရှည်၄၇၅ ပေ၊ အကျယ်၁၂ ပေကို ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် လုပ်ငန်းတစ်ခုလုံး ဆောင်ရွက်ပြီးစီးခဲ့သည်။

လမ်းသစ်ဖွင့်ပွဲတွင် တာချီလိတ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှု ဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်က လမ်းဆောင်ရွက်မှု အခြေ အနေကို လည်းကောင်း၊ ရပ်ကွက်သူ ရပ်ကွက်သားများကိုယ်စား မယ်ခေါင် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနန်စောက ကျေးဇူးတင်စကားကို လည်းကောင်း ပြောကြားကြသည်။

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြား ရေးမှူး ဦးတင်လှိုင်၊ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေး၊ မြို့နယ်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီး တင့်လွင်၊ မယ်ခေါင်ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနန်စောနှင့် ဧည့်သည်တော်များသည် ကတ္တရာလမ်းသစ်ကို ကြည့်ရှုကြ သည်။ (သတင်းစဉ်)

စံပြမူကြို ဆရာအတတ်ပညာရေးသင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန စံပြမူကြို ကြီးကြပ်ရေးကော်မတီ အစည်းအဝေးကို ယနေ့နံနက်၁၀ နာရီ တွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသန အဖွဲ့ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တက်ရောက် သူများက စံပြမူကြိုဆရာအတတ်ပညာ ရေးသင်တန်းများဖွင့်လှစ်ရေးနှင့်စပ်လျဉ်း ၍ အကြံပြုဆွေးနွေးတင်ပြ ကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

စံပြမူကြို ဆရာအတတ်ပညာရေး သင်တန်းအပတ်စဉ်(၈)ကို ဖေဖော်ဝါရီ ၁၆ ရက်မှ မတ် ၁၁ ရက် အထိလည်း ကောင်း၊ စံပြမူကြို ဆရာအတတ် ပညာရေး သင်တန်းအပတ်စဉ်(၉)ကို မတ် ၁၆ ရက်မှ ဧပြီ ၈ ရက်အထိ လည်းကောင်း နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ (တနင်္ဂနွေနေ့မပါ) မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတွင် ဖွင့်လှစ်ပို့ချသွားမည် ဖြစ်ရာ သင်တန်းများသို့ တက်ရောက် လိုသူများသည်ဖေဖော်ဝါရီ ၃ ရက်မှစ၍ အဆိုပါဌာန၌ လျှောက်ထားနိုင် သည်။

အဆိုပါသင်တန်းများတွင် မူကြို ပညာရေးနည်းပညာသင်ရိုးများကို လူမှု ဝန်ထမ်းဦးစီးဌာန၊ ပညာရေးစီမံကိန်း နှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာ နိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီး ဌာနတို့ ပူးပေါင်းရေးဆွဲထားသည့် သင်ရိုးများနှင့်အညီ အခြေခံပညာ ကျောင်းများမှ ဆရာ ဆရာမများနှင့် ပြင်ပမှ မူကြိုပညာရေးကို စိတ်ပါဝင်စား သူများအား သင်ကြားပို့ချပေးသွား မည်ဖြစ်ပြီး သင်တန်းပြီးဆုံး ပါက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့် သွားမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ သာကေတ ရှုခင်းသာအဆင့်မြင့်အိမ်ရာနေ ဒေါ်တင်အေး မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ဖြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှု အသင်း(ရန်ကုန်)သို့လှူဒါန်းရာ အမှုဆောင် ဦးတင်မောင်ဝင်းကြီး လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂–၂–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅:၀၀ ၈။ မျိုးချစ်တပ်မတော်
- ၅:၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ **ကာတွန်းအစီအစဉ် ပါကဲ့ (အပိုင်း–၈)**
- ၆:၅၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ထုံးရယ်မပြယ်" (အပိုင်း–၉)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြဝတီရဲ့ မြဝတီ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားစီရင်ထုံး" (အပိုင်း–၈)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ကျွန်းကုန်းတံတားတည်နေရာ ရွေးချယ်ထားမှု ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့တွင် မြောင်းမြ-အိမ်မဲလမ်းရှိ မိုင်တိုင် (၅၀)အပိုင်း၌ မြေသားတာပေါင်တင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လမ်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဝါးခယ်မ-အိမ်မဲလမ်းရှိ ပြန်မလော့မြစ်ကို ဖြတ်သန်း၍ ဝါးခယ်မမြို့နယ်နှင့် အိမ်မဲမြို့နယ်တို့ကို ဆက်စပ်ပေးမည့် ကျွန်းကုန်းရွာ ဇက်ရေယာဉ်ဆိပ်ကမ်းအနီးရှိ ကျွန်းကုန်းတံတားတည်နေရာ ရွေးချယ်ထားရှိမှု တံတားအကြောင်းကို ကြည့်ရှုစစ်ဆေးပြီး မြေတိုင်းတာခြင်းနှင့် မြေစမ်းသပ်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ရန်မှာကြားသည်။

ယင်းကျွန်းကုန်းတံတား တည်ဆောက်ပြီးပါက ဝါးခယ်မ-ကျွန်းကုန်း-ရွာသစ်-မြင်းကဆိပ်-ပုသိမ်လမ်းသည် ၅၅မိုင် သုံးဖာလုံရှိရာ ဝါးခယ်မမှ ပုသိမ်သို့ ဇက်ရေယာဉ်ကူးရန်မလိုဘဲ အချိန်တိုအတွင်း တိုက်ရိုက်သွားလာနိုင်မည်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဝါးခယ်မ-ရွှေလောင်း-ပန်းတနော်နှင့် ရန်ကုန်-ပုသိမ် လမ်းတစ်လျှောက်တို့၌ လမ်းပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၂-၂၀၀၆
(ကြာသပတေးနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ ဒေသဈေးအစားအစာ ပုသိမ်ဟာလဝါ
- ၇း၁၅ တေးဂီတအစီအစဉ်
- ၇း၂၀ ကချင်ပြည်နယ် မိုးကောင်းတံတား
- ၇း၃၀ Blazon Digital Vision
- ၇း၄၅ တေးဂီတအစီအစဉ်
- ၇း၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၈း၀၀ **မေ့ထားလို့တော့မဖြစ်ဘူး (နေအောင်၊ထွန်းထွန်းဝင်း၊ ဥက္ကာမင်းမောင်၊မြင့်မြင့်ခိုင်၊ သင်းသင်းယုလှိုင်)**
- ၈း၂၅ တေးဂီတအစီအစဉ်
- ၈း၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၈း၃၅ မိုးလေဝသခန့်မှန်းချက်
- ၆း၄၀ ကွန်ချောင်းရေလှောင်တမံနှင့် နွေစပါး
- ၈း၅၀ တေးဂီတအစီအစဉ်
- ၈း၅၅ မြန်မာနိုင်ငံဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်၏ အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုတည်ခင်း ညစာစားပွဲ
- ၉း၂၀ စိတ်ဝင်စားစရာ ပုလဲရတနာများ(အပိုင်း-၂)
- ၉း၄၅ တေးဂီတအစီအစဉ်
- ၉း၅၀ သွေးတိုးရောဂါနှင့် တိုင်းရင်းဆေးနည်းပညာ
- ၁၀း၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀း၁၀ တေးဂီတအစီအစဉ်
- ၁၀း၁၅ မြန်မာ-ထိုင်းချစ်ကြည်ရေး ရေကူးသရုပ်ပြပွဲ
- ၁၀း၄၅ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (စာပေနှင့် အနုပညာဆိုင်ရာ မူပိုင်ခွင့်)ဆွေးနွေးခန်း
- ၁၁း၀၀ တေးဂီတအစီအစဉ်
- ၁၁း၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၁၀ နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး (ရွှေလင်းယုန်နှင့် သိုးရိုင်း)
- ၁၁း၃၀ တေးဂီတအစီအစဉ်
- ၁၁း၃၅ ဝင်ငွေတိုး၍ ဒေသဖွံ့ဖြိုးစေမည့် ဆင်းရွှေလီ (အပိုင်း-၂)
- ၁၁း၄၅ တေးဂီတအစီအစဉ်
- ၁၁း၅၀ သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ (အပိုင်း-၃)
- ၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

တီဘီရောဂါ သတိပြုကာကွယ်ပါ

- * ရက်သတ္တပတ်(၃)ပတ်ကျော် ချောင်းဆိုးလျှင် -
- * သလိပ်တွင် သွေးပါလျှင် -
- * တငွေ့ငွေ့အဖျားတာရှည်လျှင် -
- * တဖြည်းဖြည်း ပိန်ချုံးလာလျှင် -

နီးစပ်ရာကျန်းမာရေးဌာနများတွင် တီဘီရောဂါရှိ-မရှိစစ်ဆေးပါ

တီဘီလူနာများကို အစွမ်းထက်သောတီဘီဆေးများဖြင့် ပျောက်ကင်းသည်အထိ အခမဲ့ကုသပေးလျက်ရှိသည်။

အသေးစိတ် သိရှိလိုပါက အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း (ဖုန်း-၀၁-၃၈၀၉၅၁၊ ၃၈၀၉၅၂၊ ၃၈၀၉၅၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

ကျန်းမာရေးဝန်ကြီးဌာန

ပေးအပ်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အားကစားပစ္စည်းများကို သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်မေအုန်းထံ ပေးအပ်စဉ်။

(အား/ကာ)

မြေယာသစ်ဖော်ထုတ်စိုက်ပျိုးလျက်ရှိသော ကုမ္ပဏီစိုက်ခင်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း(အရှေ့)ဆွာမြို့နယ် ဆွာချောင်းအတွင်း မြေယာသစ်ဖော်ထုတ်၍ ကြက်သွန်နီ တိုးချဲ့စိုက်ပျိုးလျက်ရှိသည့် မြန်မာဘဲလ်ကုမ္ပဏီ၏ ကြက်သွန်နီစိုက်ခင်းကို လည်းကောင်း၊ တောင်ငူမြို့ ခပေါင်းချောင်းအတွင်းရှိ ပြည့်စုံဝင်းနိုင်ကုမ္ပဏီ မြန်မာနိုင်ငံဂရု(ပ်)ကုမ္ပဏီတို့၏ မြေယာသစ်ဖော်ထုတ်၍ ကြက်သွန်နီစိုက်ပျိုးနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ဒုတိယဝန်ကြီးက ထပ်မံ၍ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆွေးနွေးညှိနှိုင်း

ထို့နောက် ဒုတိယဝန်ကြီးသည် မွန်ပြည်နယ် ဘီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ မြေလွတ်မြေလပ်များ ဖော်ထုတ်၍ ကြက်သွန်နီတိုးချဲ့စိုက်ပျိုးနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

ကုန်သွယ်ရေးဇုန်

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၂၇ ရက် မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် မြဝတီမြို့အနီး၌ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန် တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် မြဝတီမြို့ ရိပ်သာအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြဝတီနယ်စပ် ကုန်သည်အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်တည်ဆောက်နိုင်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးကို ပုံမှန်ကုန်သွယ်ရေးနည်းလမ်းဖြင့် ပြောင်းလဲကျင့်သုံးသွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

ပျားလိမ္မော်စိုက်ခင်း

ဇန်နဝါရီ ၂၈ရက် နံနက်ပိုင်းတွင် မြဝတီမြို့ရှိ ကမ္ဘာ့ထိပ်ခေါင် ကုမ္ပဏီလီမိတက် (APEX World Co., Ltd)၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ပျားလိမ္မော်စိုက်ခင်းကို ဝင်ရောက် ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မြဝတီမြို့ရှိ နယ်စပ်ကုန်သွယ်ရေး ကုန်ပစ္စည်းစစ်ဆေးရေး စခန်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးအတွက် ကုန်ပစ္စည်းများ စစ်ဆေးမှုအချိန် ကြန့်ကြာမှုမရှိအောင် မှန်မှန်ကန်ကန် မြန်မြန်ပြီးအောင် ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားသည်။

တိုးချဲ့တင်ပို့

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပြည်နယ်မန်နေဂျာရုံး၌ ဌာနဆိုင်ရာများ၊ မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ရှင်များအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ ပြည်ပပို့ကုန် အမယ်သစ်တိုးချဲ့တင်ပို့နိုင်ရေး၊ ကြက်သွန်နီနှင့် ရော်ဘာတိုးချဲ့စိုက်ပျိုးနိုင်ရေး ဆွေးနွေးညှိနှိုင်းကြသည်။ (သတင်းစဉ်)

ဓမ္မာစရိယစာအောင် ပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့်အခမ်းအနား မန္တလေးမြို့၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၅ခုနှစ် ဓမ္မာစရိယစာမေးပွဲအောင်မြင်ခဲ့သော စာအောင်ပုဂ္ဂိုလ် ၂၄၃ပါး၊ ပထမပြန်စာမေးပွဲတွင် ပထမကျော်အပါအဝင် အထူးအောင်ပုဂ္ဂိုလ် ၁၂ပါး၊ နိကာယ်ငါးရပ် ပါဠိတော်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၂၂ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယ၊ တတိယရရှိသူ ကိုးဦးတို့အား ဘွဲ့တံဆိပ်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် မွန်းလွဲ ၁၂နာရီခွဲတွင် မန္တလေးမြို့ မဟာအတုလဝေယံ(အတုမရှိ) ကျောင်းတော်ကြီး၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့်ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင် အခမ်းအနားသို့ သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များအား စာတိုက်မှပင့်စာများ ပေးပို့ထားပြီးဖြစ်ရာ အချိန်မီ မရရှိပါကလည်း ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ထားသည်။ (သတင်းစဉ်)

သူနာပြုတက္ကသိုလ် (ရန်ကုန်)သို့ အားကစားပစ္စည်းများ ပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ နံနက် ၉နာရီတွင် သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမ၌ ကျင်းပသော အားကစား ဝန်ကြီးဌာနက သူနာပြုတက္ကသိုလ်(ရန်ကုန်)သို့ အားကစားပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး အားကစားပစ္စည်းများကို ပေးအပ်သည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံ နာယကအဖွဲ့ဝင်များ၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သူနာပြုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အားကစားပစ္စည်းများ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး အမေရိကန်ဒေါ်လာ ၅၈၀၀တန်ဖိုးရှိ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘောလုံးနှင့် ပိုက်ကျော်ခြင်း အားကစားပစ္စည်း စုစုပေါင်း ၁၁မျိုးတို့ကို ပေးအပ်လှူဒါန်းရာ သူနာပြုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်မေအုန်းက လက်ခံ၍ အမှတ်တရလက်ဆောင်ပစ္စည်းကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် သူနာပြုတက္ကသိုလ် (ရန်ကုန်)ပါမောက္ခချုပ်က ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)



၁၉၇၄-၈၂ ရန်ကုန်ဆေးတက္ကသိုလ်(၂)ကျောင်းသူ၊ ကျောင်းသားများက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းငါးသောင်း ငါးထောင်နှင့် အက်ဖ်အီးစီ၂၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ် (ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်မြို့တော်အဆင့်မြှင့်ရေး ဆောင်ရွက်မှုများ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန်　　ဖေဖော်ဝါရီ　　၁

ရန်ကုန်မြို့တော် အဆင့်မြင့်ရေး၊ သန့်ရှင်းသာယာလှပရေး၊ လမ်းများကောင်းမွန်ရေးတို့အတွက် သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့နံနက် ၆နာရီခွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ မြို့တော်ဝန်သည် ဗဟန်းမြို့နယ် ဆရာစံလမ်းမကြီးတစ်လျှောက် ရေစီးရေလာ ကောင်းမွန်စေရန် စက်ယန္တရားများဖြင့် ရေနုတ်မြောင်းများ ချဲ့ထွင်ရှင်းလင်းနေမှု၊ လမ်းဝဲယာတစ်လျှောက်၌ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှု အခြေအနေများကို လည်းကောင်း၊ တာမွေမြို့နယ်၌ နတ်မောက်လမ်း (ကန်ပတ်လမ်း) ရေစီးရေလာ ကောင်းမွန်ရေး၊ သန့်ရှင်းလှပစေရေးအတွက် ရေနုတ်မြောင်းအတွင်းမှမြောင်းချေးများ ဆယ်ယူနေမှု၊ လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားသစ်များ ခင်းကျင်းနေမှုနှင့် ရေဆင်းနှာပေါက်များ ကောင်းမွန်စေရန် ဝန်ထမ်းများက ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဗိုလ်မင်းရောင်လမ်းနှင့် သိမ်ဖြူလမ်းအကြား အရှည်ပေ ၂၀၀၀ ရှိ မြယာကုန်းလမ်းကို ၄၈ပေအကျယ် လေးလမ်းသွား ကျောက်ခင်းကတ္တရာလမ်း တိုးချဲ့ဖောက်လုပ်နေမှု အခြေအနေများကို လည်းကောင်း၊ ဗိုလ်တထောင်မြို့နယ်၌ သိမ်ဖြူလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းအကြား ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး အဆင့်မြင့်စေရန် စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာထပ်ပိုး ခင်းကျင်းနေမှုအခြေအနေများကို လည်းကောင်း၊ လမ်းမတော်မြို့နယ်၌ လသာလမ်းနှင့် လမ်းမတော်လမ်းအကြား အနော်ရထာလမ်းမကြီး အဆင့်မြင့်စေရေးအတွက် စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးခင်းကျင်းကာ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ အထူးသန့်ရှင်းရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် လမ်းမတော်လမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းအကြား ရန်ကုန်ပြည်သူ့ဆေးရုံကြီးဘက် အခြမ်း လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားသစ်များ လဲလှယ်ခင်းကျင်းနေပြီး မြင်ကွင်း တင့်တယ်လှပစေရေး ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး မြို့တော်ဝန်ကလုပ်ငန်းများ သွက်လက်လျင်မြန်စွာ ဆောင်ရွက်ရေး၊ စနစ်တကျရှိစေရေးတို့ကို မှာကြားသည်။

(သတင်းစဉ်)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ညောင်ရွှေကျေးရွာ အလှူ့ရှင်စက်ရေတွင်းကို ၂၃-၁၂-၂၀၀၅ ရက်က ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဇီဝဒီဇယ်ဆီလောင်စာအသုံးပြုမှု သရုပ်ပြ ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့များ ဖြန့်ဝေ

ရန်ကုန်　ဖေဖော်ဝါရီ　၁

ခြံစည်းရိုးကြက်ဆူစေ့မှ ဇီဝဒီဇယ်ဆီလောင်စာအသုံးပြုမှုသရုပ်ပြပွဲနှင့် မျိုးစေ့များ ဖြန့်ဝေပေးခြင်းအခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက် ၁၁ နာရီတွင် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ကျင်းပရာ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဧညဝတီရေတပ်စခန်းဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ကျောက်ဖြူခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ထို့နောက် စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် တာဝန်ရှိသူများက ခြံစည်းရိုး ကြက်ဆူမျိုးကိုင်းနှင့်မျိုးစေ့များကို ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌများ၊လူမှုရေးအသင်းအဖွဲ့များအား အသီးသီးပေးအပ်ကြပြီး ခြံစည်းရိုးကြက်ဆူစေ့များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ခြံစည်းရိုးကြက်ဆူစေ့မှ ဇီဝဒီဇယ်ဆီလောင်စာ အသုံးပြုသရုပ်ပြမောင်းနှင်မှုအား ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

ခြံစည်းရိုးကြက်ဆူအောင်မြင်ဖြစ်ထွန်းစေရန်အတွက် သတိပြုရန်အချက်များ အကြံပြုနှိုးဆော်ချက်

မြန်မာနိုင်ငံအနှံ့အပြားတွင် စက်သုံးဆီဖူလုံရေးအတွက် ဘိုင်အိုဒီဇယ်ထုတ်လုပ်ရန် ခြံစည်းရိုးကြက်ဆူပင်များအား အစေ့မှသော်လည်းကောင်း၊ အကိုင်းမှသော်လည်းကောင်း စိုက်ပျိုးလျက်ရှိကြပါသည်။ စိုက်ပျိုးလျက်ရှိသော ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းရန် လိုအပ်ပါသည်။

၁။ ခြံစည်းရိုးကြက်ဆူပင်၏ ပင်စည်နှင့် အကိုင်းများသည် အခေါင်းရှိသဖြင့် မိုးကာလတွင် ကိုင်းဖြတ်ခေါင်နှိမ်မှုပြုပါက အပင်၏ ရှင်သန်မှုကို ထိခိုက်နိုင်ပါသည်။ မိုးရွာသွန်းမှု မရှိတော့သည့် မိုးနှောင်းကာလတွင်သာ ကိုင်းဖြတ်ခေါင်နှိမ်မှု ပြုသင့်ပါသည်။

၂။ ခြံစည်းရိုးအဖြစ်စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များအား မိုးနှောင်းကာလတွင် ကိုင်းဖြတ်လေ့ရှိကြပါသည်။ ကိုင်းဖြတ်တောက်ရာတွင် အပွင့်အသီးများရှိနေသော ကိုင်းဖြတ်ခြင်းအား ရှောင်ကြဉ်သင့်ပါသည်။

၃။ ဖြတ်တောက်ရရှိသော အကိုင်းများအား မြေတွင်တိုက်ရိုက်ချ၍ စိုက်ခြင်း၊ ပျိုးပေါင်၊ ပျိုးထုပ်များနှင့် စိုက်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။

၄။ မြေတွင်တိုက်ရိုက်ချ၍ စိုက်ပျိုးပါက အပင်ရှင်သန်ရန် သင့်တော်သော အစိုဓာတ်ရှိရန်လိုပါသည်။ ပျိုးပေါင်၊ ပျိုးထုပ်များတွင် စိုက်ပျိုးပါကလည်း သင့်တော်သော အစိုဓာတ်ရှိရန် လိုပါသည်။

၅။ မိုးနှောင်းကာလတွင် စိုက်ပျိုးမြေများတွင် အစိုဓာတ် ဆုတ်ယုတ်မှုရှိသည့်အတွက် လုံလောက်သော အစိုဓာတ် မရှိပါက ရေလောင်းရန် လိုအပ်ပါသည်။

၆။ ပျိုးပေါင်၊ ပျိုးအိတ်များတွင် ထည့်သွင်းစိုက်ပျိုးပါကလည်း သင့်တော်သည့် အစိုဓာတ်ရှိရန် ရေလောင်းသင့်ပါသည်။

၇။ စိုက်ပျိုးမြေများတွင် ရေစိမ့်အားမကောင်းပါက ရေဝပ်၍ အပင်များပျက်စီးနိုင်မှုကိုလည်း သတိပြုရန် လိုအပ်ပါသည်။

၈။ ခြံစည်းရိုးကြက်ဆူများအား မိုးဦးကျကာလတွင် စိုက်ပျိုးပါက အသင့်တော်ဆုံးဖြစ်ပါသည်။

၉။ မိုးနှောင်းကာလတွင် စိုက်ပျိုးပါက မြေတွင်း အစိုဓာတ်မဆုတ်မီစိုက်ပျိုးခြင်း၊ အလွယ်တကူရေလောင်းနိုင်သည့် စိုက်ပေါင်၊ ပျိုးအိတ်များနှင့် ပျိုးထောင်စိုက်ပျိုး၍ မိုးဦးကျကာလတွင် ရွှေ့ပြောင်းစိုက်ပျိုးခြင်းတို့ ဆောင်ရွက်သင့်ပါသည်။

၁၀။ စိုက်ပျိုးမှုစနစ်များနှင့်ပတ်သက်၍ အကူအညီရလိုပါက နီးစပ်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ရုံး၊ ဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အမျိုးသားညီလာခံ ဂုဏ်ပြုထောက်ခံ လမ်းနှင့်တံတားများဖွင့်

ရန်ကုန်　ဖေဖော်ဝါရီ　၁

အမျိုးသားညီလာခံအား ဂုဏ်ပြုထောက်ခံသောအားဖြင့် မိုးကုတ်မြို့ မင်္ဂလာသုခရပ်ကွက် မင်္ဂလာသုခကတ္တရာလမ်းသစ်ဖွင့်ပွဲကို အဆိုပါလမ်းမုခ်ဦး၌ ဇန်နဝါရီ ၂၃ ရက်တွင် ကျင်းပရာ မိုးကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးလှတင့်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အမျိုးသားညီလာခံအား ဂုဏ်ပြုထောက်ခံသောအားဖြင့် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်-ဇီးပြောင်း လမ်းပေါ်ရှိ ကွန်ကရစ်တံတားဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ရက်တွင် အဆိုပါတံတားအနီးရှိ မုခ်ဦး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က တံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (သတင်းစဉ်)

ကျေးလက်မြေသားလမ်းဖွင့်

အမျိုးသားညီလာခံအား ဂုဏ်ပြုထောက်ခံသောအားဖြင့် ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကြာကန်ကျေးရွာ ပြည်သူများပူးပေါင်းဆောင်ရွက်သော အရှည်ပေ ၄၂၀၀၊ အကျယ် ၁၆ပေရှိ ကိုယ့်အားကိုယ်ကိုး ကျေးလက်မြေသားလမ်း ဖွင့်ပွဲကို ဇန်နဝါရီ ၂ရက်ကကျင်းပရာ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့်ရင်သွေးငယ် အလှပြိုင်ပွဲဆုပေးပွဲကို ဇန်နဝါရီ ၄ရက်က မြောင်းမြမြို့ ပညာရတနာခန်းမ ၌ကျင်းပ၍ ဆုရကလေးငယ်၁၀၇ဦး၊ သားကောင်းမိခင်ဆုရ လေးဦးတို့အတွက်ကျပ်တစ်သိန်းရှစ်သောင်း တန်ဖိုးရှိဆုပစ္စည်းများကို ချီးမြှင့်ရာ မြောင်းမြခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ဝင်းက ရင်သွေးငယ်တစ်ဦးအားဆုချီးမြှင့်စဉ်။

(ခရိုင် ပြန်/ဆက်)

အမျိုးသားညီလာခံကို ထောက်ခံဂုဏ်ပြုသောအားဖြင့် ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သော အထောင်တိုက်နယ် ဒေါနလမ်းပိုင်း (၁) ကျောက်ချော လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက်ကကျင်းပရာ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကို၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဦးလွင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်မင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပန်းတစ်ပွင့်တောင် ဆရာတော်တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁

တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပဓာနနာယက ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ အရှင်ပညာသာရသည် ဖေဖော်ဝါရီ ၁၀ရက်တွင် မြောက်ဥက္ကလာပ ၁၂လမ်း၊ မင်္ဂလာမဏ္ဍပ်၊ ၁၁ရက်တွင် မှော်ဘီမြို့နယ် ဝါးနက်ချောင်းရွာ ဦးအောင်သန်း၊ ဒေါ်စန်းတင် မင်္ဂလာမဏ္ဍပ်၊ ၁၂ရက်တွင် လှိုင်မြို့နယ် စိန်ပန်းကျောင်းတိုက်၊ ၁၄ရက်နှင့် ၁၅ရက်တွင် မြောက်ဥက္ကလာပ ဘုမ္မာအရှေ့၊ ၁၈ရက်နှင့် ၁၉ရက်တွင် ရန်မျိုးအောင်ဓမ္မာရုံ (မြောက်ဥက္ကလာပ)နှင့် ၂၄ရက်တွင် မင်္ဂလာဒုံမြို့နယ် ၃/ခ ရပ်ကွက်တို့၌ ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားတော်မူမည်ဖြစ်သဖြင့် တရားနာယူလိုသူများ ကြွရောက်ကြရန် နှိုးဆော်ထားသည်။ (၆၁)

ဒေါ်မြင့်မြင့်နှင့် ဒေါ်ငွေကျင်တို့အားရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် စစ်ကိုင်း(၂၅)လမ်းနေ ဦးမောင်ရွှေမိသားစုက တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ကြီးအား ရွှေသင်္ကန်းကပ်လှူရန် အလှူတော်ငွေကျပ်နှစ်သိန်းကို ဇန်နဝါရီ ၃ ရက်က လှူဒါန်းရာ ဂေါပကအဖွဲ့ ရွှေသင်္ကန်းဘဏ္ဍာငွေရှာဖွေရေးကော်မတီဥက္ကဋ္ဌ ဦးကိုရည်နှင့် အတွင်းရေးမှူး ဦးမြင့်သိန်းတို့က လက်ခံစဉ်။ (၆၄)

တွံတေး အရှင်ကုန္ဒက၏ တရားပွဲများ

ရန်ကုန် ဖေဖော်ဝါရီ ၁

တွံတေး အရှင်ကုန္ဒက (ဓမ္မကထိက၊ ဗဟုဇနဟိတဓရ) ဆရာတော်သည် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို လှည့်လည်ဟောကြားမည်ဖြစ်ရာ ဖေဖော်ဝါရီ ၄ရက်တွင် တောင်ဥက္ကလာပ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ မလွန်ဈေးဆန်လှူအသင်း၊ ၅ရက်နှင့် ၆ရက်တွင် ကော့မှူးမြို့နယ် ဇလုပ်ကြီးကျေးရွာ၊ ၇ရက်တွင် သာကေတ (၄)ရပ်ကွက် ဆုတောင်းပြည့်မြစေတီ၊ ၈ရက်တွင် မြဝတီ၊ မဟာစည်ရိပ်သာ၊ ကြီးပွားရေးရပ်ကွက် သဃ်န်းကျွန်း၊ ၉ရက်တွင် ညောင်တုန်းမြို့နယ် ကန်စွန်းမရွာ၊ ၁၀ရက်တွင် ညောင်လေးပင်မြို့ ဓမ္မပါလ ကြားတောရကျောင်းတိုက်၊ ၁၁ရက်တွင် သာသနဟိတဓမ္မာရုံ၊ တာမွေ ကျားကွက်သစ်ရပ်ကွက်၊ ၁၂ နှင့် ၁၃ ရက်တွင် မြောက်ဥက္ကလာပ၊ ရတနာသဃ်ဳ ဈေး အင်္ဂါပတ် ဆွမ်းလောင်းဓမ္မာရုံ၊ ညနှင့် နေ့ဘက်တွင် သီရိမင်္ဂလာမဟာစည်ရိပ်သာ၊ ၁၂ရက်တွင် ကျိုက်ဝိုင်း ဒဏ္ဍိဏာရုံ (ဆည်းဆာ)၊ ၁၄ရက်တွင် လယ်တီစံသာသနာ့ရိပ်သာ မဟာညောင်ကုန်း၊ ပုဇွန်တောင်၊ ၁၅ရက်တွင် လှိုင်သာယာမြို့နယ် တစ်ဆုပ်ဆန်တရားပြ၊ ၁၆ရက်နှင့် ၁၇ရက်တို့တွင် ရန်ကုန်မြေဆွမ်းသိမ်းပွဲ၊ မိတ္ထီလာမြို့၊ ၁၈ရက်တွင် သာသနဟိတဓမ္မာရုံ၊ ကျားကွက်သစ်ရပ်ကွက် တာမွေ၊ ရန်ကုန်၊ ၁၉ရက်တွင် မြောက်ဥက္ကလာပ၊ ဣန္ဒာ (၅)လမ်း လမ်းဖွင့်ပွဲနှင့် ၂၀ရက်တွင် ရွှေပြည်သာမြို့နယ် ၁၈ရပ်ကွက်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ကျင်းပရေး လုပ်ငန်းကော်မတီ စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁

(၈)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဒုတိယအကြိမ် အာဆီယံ+၃ နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ကျန်းမာရေးဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က ပထမအကြိမ် ဗဟိုကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်များနှင့် ပြင်ဆင်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီ တွဲဖက် အတွင်းရေးမှူး(၂) ကျန်းမာရေးစီမံကိန်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်က ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်ကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမြဦးက နိဂုံးချုပ် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

မင်္ဂလာပါဇာတ်ကား ရွှေဆောင်ရုံ၌ ဆက်လက်ပြသ

ကြေးမုံ ရုပ်ရှင်

ရန်ကုန် ဖေဖော်ဝါရီ ၁

ယခုသောကြာပတ် ဖေဖော်ဝါရီ ၃ရက်တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ်ရုံမဝင်ဘဲ ပြသဆဲဇာတ်ကားများသာ ဆက်လက်ပြသလျက်ရှိသည်။ ပြသဆဲ **မင်္ဂလာပါ** ဇာတ်ကားမှာ ရွှေဆောင်ရုံ၌ ပြသနေပြီး တစ်ကျော့ပြန်ရုံတင်သည့် **တစ်ခါကဧရာဝတီညများ** ဇာတ်ကားမှာ သမ္မတရုံ၌ ပြသမည်ဖြစ်သည်။

မင်္ဂလာပါ

အညာဒေသကျေးရွာတစ်ရွာမှ ရင်သွေးငယ်များ၏ ပညာရေးအတွက် ကြိုးပမ်းခဲ့ကြသော လူငယ်များ၏ စေတနာမေတ္တာကို ဖော်ကျူးရိုက်ကူးထားသည့် **မင်္ဂလာပါ** ဇာတ်ကားမှာ ယခုသောကြာပတ်တွင် ရွှေဆောင် အဆင့်မြင့်ရုပ်ရှင်ရုံတစ်ရုံတည်းသာ ပြသမည်ဖြစ်သည်။

၎င်းဇာတ်ကားကို အောင်ကျော်ဇေရုပ်ရှင် ထုတ်လုပ်ရေးမှ ထုတ်လုပ်ထားပြီး ထူးဆွေအောင်၏ ဝတ္ထုကို ဆုသြချယ်ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ မီးပွားက တာဝန်ယူရိုက်ကူးထားသည်။ စိုင်းစိုင်းခမ်းလှိုင်၊ နေတိုး၊ မျိုးစန္ဒီကျော်နှင့် ဇာဂနာတို့ ခေါင်းဆောင်ပါဝင်ထားကြသည်။

သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် **တစ်ခါက ဧရာဝတီညများ** ဇာတ်ကား ပြသမည်ဖြစ်သည်။ အဆိုပါ ဇာတ်ကားတွင် လွင်မိုးနှင့် ထွန်းအိန္ဒြာဗိုတို့ ခေါင်းဆောင် ပါဝင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

သွင်ရုံတွင် ဒါရိုက်တာ John Singleton ရိုက်ကူးသည့် Four Brothers ဇာတ်ကားပြသပြီး မင်္ဂလာရုံတွင် ဒါရိုက်တာ Lee Tamahor ရိုက်ကူးသည့် Die Another Day ဇာတ်ကားနှင့် နေပြည်တော်ရုံတွင် ဒါရိုက်တာ Tsui Hark ရိုက်ကူးသည့် Seven Swords ဇာတ်ကားများ ပြသမည်ဖြစ်သည်။ (ကြေးမုံ)

ပြသဆဲ ဇာတ်ကားတစ်ကားဖြစ်သည့် မင်္ဂလာပါ ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

တတိယအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့

(၆-၂-၂၀၀၆)

"အနာကြီးရောဂါကင်းဝေးဖို့ ဆွေးနွေးတိုင်ပင်ပြောကြစို့"

အနာကြီးရောဂါဟု မသင်္ကာဖွယ်ရာ ကနဦးလက္ခဏာများမှာ

- အရေပြားပေါ်တွင် အရောင်ပျော့သော၊ နီသော၊ ကြေးနီရောင်ပေါက်နေသော အကွက်များရှိပြီး ၎င်းတို့သည်-
- ယားယံမှုမရှိခြင်း
- နာကျင်မှုမရှိခြင်း
- ပူခြင်း၊ အေးခြင်း၊ နာခြင်း၊ ထိခြင်းကို မသိခြင်း
- အရေပြား၏ မည်သည့်နေရာတွင်မဆို ဖြစ်ပေါ်နိုင်သည်။ အသက်အရွယ်၊ ကျား၊မ မရွေး၊ အတန်းအစားမရွေး၊ နေရာဒေသမရွေး ဖြစ်နိုင်သည်။
- သင့်ရပ်ရွာတွင် အနာကြီးရောဂါကင်းဝေးလိုပါသလား။
- အနာကြီးရောဂါအကြောင်းကို လူတိုင်းသိအောင် ပြောပြပေးပါ။
- အနာကြီးရောဂါသည်ဟု မသင်္ကာသူတိုင်းကို ရှာဖွေပေးပါ။
- ဆေးကုသမှုခံယူနိုင်အောင် စည်းရုံးပေးပါ။
- MDT(အမ်ဒီတီ)ဆေးကို ကျန်းမာရေးဌာနတိုင်းတွင် အလွယ်တကူနှင့် အခမဲ့ ရနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကမ္ဘာ့ကင်ဆာရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့

(၄-၂-၂၀၀၆)

"ကင်ဆာကင်းဝေး တို့ရင်သွေး ၊ ဆောလျင်မနေး ကုသပေး"

"My Child Matters"

ကျန်းမာရေးဝန်ကြီးဌာန

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ အသက် (၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်အဆင့် ဆုရ ထူးချွန်ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲနှင့် မြို့ဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ်၊ ဗဟန်း-၃လမ်းထိပ်ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီးပူဇော်ပွဲအတွက် အသက် (၇၅)နှစ်နှင့်အထက် အသင်းသူ၊ အသင်းသားများနှင့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ကြသူများနှင့် ဂုဏ်ထူး ရရှိသူများသည် ဖေဖော်ဝါရီ ၁၆ရက် နောက်ဆုံးထား၍ ဦးစိုးညွှန့် (ဦးစီးနာယက) ဖုန်း-၂၂၄၅၈၀၊ ဦးကျော် ခိုင် (ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ဦးမြင့်ကြည်(အတွင်းရေးမှူး) ဖုန်း-၂၂၁၀၁၇၊ ဦးကြိုင်မြင့် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၂၉၅၉၈၈တို့ထံ ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။ (က-ပ)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ်(၁၀၃)နေ
ဦးခွာနီး–ဒေါ်မြမြငြိမ်းတို့၏ တစ်ဦးတည်းသော သား

မောင်ဝဏ္ဏခွာနီး B.Sc (Zoology)

နှင့်

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ပြည်လမ်း၊မြကန်သာ(၁)လမ်း၊အမှတ်(၆၆၁)နေ
ဦးချစ်ကိုကို–ဒေါ်တင်တင်ဦးတို့၏ သမီးကြီး

မသဇင်ကိုကို B.A (History)

တို့၏ ၅–၁–၂၀၀၆ ရက်တွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်း တရားရုံးချုပ် တရားသူကြီး ဦးချစ်လွင်၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးသော ဦးအောင်ဖုန်းနှင့် ဒေါ်ခင်စစ်အေး၊ ၁၉–၁–၂၀၀၆ ရက်တွင် မဟာစည်သာသနာ့ရိပ်သာ၌ မင်္ဂလာဦးဆွမ်းကျွေးတွင် ကြွရောက်ချီးမြှင့်သော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၏ဇနီး ဒေါ်မာလာတင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ – အဖွဲ့ဝင် ဦးလှမြင့်ဦး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၏ ဇနီး ဒေါ်ချိုချိုထွန်း၊ အဘက်ဘက်မှ ဆောင်ရွက်ပေးသော ရွှေပုစွန်မိခင်ကြီး အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီတို့အားလည်းကောင်း၊ ၂၁–၁–၂၀၀၆ ရက်တွင် Dusit Inya Lake Hotel ၌ မင်္ဂလာညစာစားပွဲတွင် ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ မေတ္တာဖြင့်ဆောင်ရွက်ပေးကြသော မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်နှင့် ဦးအောင်ကိုလတ်၊ မေတ္တာဖြင့် တီးခတ်ပေးသော Iron Cross, Lazy Club မှ ကိုဥက္ကာ၊ The Tree တေးဂီတအဖွဲ့များနှင့် မေတ္တာဖြင့် သီဆိုပေးသော တေးသံရှင်များ၊ မေတ္တာဖြင့် လက်ဝတ်ရတနာ ဆင်မြန်းပေးသော မမီးမီးနှင့် မအိအိ၊ မေတ္တာဖြင့် ဆံပင်မိတ်ကပ် အလှဆင်ပေးသော မခင်စန်းဝင်းနှင့်အဖွဲ့၊ မတင်တင်မာ၊ မေတ္တာဖြင့် မင်္ဂလာဝတ်စုံများ ဆင်မြန်းပေးသော မမဥ္စူ၊ မေတ္တာဖြင့် ပန်းအလှဆင်ပေးသော လင်းလင်းနှင့်အဖွဲ့၊ ကိုခင်မောင်ဝင်းနှင့်အဖွဲ့၊ မလေးရှားသန်းမြင့်နှင့်အဖွဲ့၊ ဓာတ်ပုံနှင့် Video မှတ်တမ်းတင်ပေးသော အဖွဲ့သားများအားလုံး၊ အနုပညာမောင်နှမများ၊ စာနယ်ဇင်းများ၊ မေတ္တာဖြင့် ဝိုင်းဝန်းကူညီကြသော ဒီဇိုင်နာ ကိုမျိုး၊ ဓာတ်ပုံထုတ်ပေးသော Idea အဖွဲ့၊ မင်္ဂလာဖိတ်စာဓာတ်ပုံရိုက်ပေးသော ကိုမျိုးမြင့်ဆွေနှင့် D.J ဖွင့်ပေးသော ကိုတီးနှင့် ကိုသော်တို့အားလည်းကောင်း၊ မင်္ဂလာကိစ္စအဝဝအား ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးကို နှစ်ဖက်မိဘများနှင့် ကျွန်တော်–ကျွန်မတို့က လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဝဏ္ဏခွာနီး–မသဇင်ကိုကို

သာဂနိုး စာအုပ်သစ်
ရူလာနဖာနှင့် ဆေးနည်းဆေးပင်များ – ၂
ထွက်နေပါပြီ

ပြည်ထောင်စုနေ့ကို ကြိုဆို၍
ပိတောက်နွယ် စာစဉ်
ထွက်ပြီ
အမှတ် (၂) ၊ ဖေဖော်ဝါရီလထုတ်
တူဒေးစာအုပ်တိုက်၊ အမှတ် စီ–၂ အဏ္ဏဝါလမ်းသွယ် (၂) ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ဖုန်း – ၂၉၅၈၈၆၊ ၂၉၉၅၉၅

ဇက်ကြောတက်
ခေါင်းကိုက်ပျောက်ဆေး
ဘာ့ဖွယ်!

အကောင်းကြိုက်သူများအတွက်
သန့်
စပါယ်ရှယ်ပေါင်ဆန်းမွှေး ၊ ပဲဆီမွှေး
အမှတ် (၅၂)၊ ယုဇနလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း

International Preschool
ရောင်းရန်ရှိသည်
HP: 09 512 6576

NEW HEADWAY
ELT / ELTM / UFL
ဝင်ခွင့်ရအထောက်အကူပြုသင်တန်းများ
Sat / Sun 11:00 - 12:30

G.T.I & G.T.C
Engineering Training Centre အမှတ်(215)
PH: 01-376073, 01-282431, 0999-72089

မြတ်စေတနာလက်မှတ်ရ သူနာပြုအကူသင်တန်း
မြတ်မေတ္တာလက်မှတ်ရ သူနာပြုအကူသင်တန်း

TOUR OPERATION လုပ်ငန်းသုံး အင်္ဂလိပ်စာသင်တန်း
TOURISM ENGLISH
(Swiftwinds Travels)
MON to FRI 7:30 to 9:30 AM
ASIA TRAINING & EDUCATION CENTER
ATEC

FUTURE LIGHT
နိုင်ငံခြားဘာသာစကားသင်တန်းများ
အင်္ဂလိပ်၊ ကိုရီးယား၊ ဂျပန်၊ တရုတ်၊ မလေးရှား
Preparation for IELTS / TOEFL

သင်္ချာကျော်ရှိန် ဦးစီးတည်ထောင်သော
ပညာကျော် နည်းပြ
G.C.E ဘာသာစုံ Exam Special Class နှင့်
(Ex-Tutor) ၏
English Speaking Class (4 Skill)

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
သဒ္ဒါနှင့်အရေးအသားသန့်
Ph-286871

မောင်လှမျိုး

ကျော်မြန်မာ
(Street-smart နှင့် Book-smart ဆွေးနွေးခန်း)
ထွက်ပြီ

တိုက်ခန်းရောင်းမည်
ရွှေဂုံတိုင် ၁၈၀၀ Sq/Ft ပါကေးခင်း 2 Ph, 1 A/C, UFT. ပြင်ပြီး။
ကျောက်မြောင်း 15 X 60(၇)လွှာတိုက်သစ်။
ဖုန်း–၂၂၁၁၈၄၊ ၂၁၁၆၄၂

ညိုညိုမြင့်သူနာပြုအကူသင်တန်း
အလုပ်အကိုင်ရရှိရေးအာမခံသည်။
သူနာပြုအကူသင်တန်းနှင့်
ဆေးဝါးကျွမ်းကျင်သင်တန်းစပြီ။
72၊(4)လွှာ၊စံရိပ်ငြိမ်မှတ်တိုင်အနီး၊
လှည်းတန်း၊ကမာရွတ်၊အင်းစိန်လမ်းမ၊
525518, 526983, 527202 (Ex 659)

သာသာယာယာ
ရန်ကုန်မြို့နှင့် အနီး
တစ်ဝိုက်တွင် ယနေ့
သာယာမည်။

ဧချာရာ
Konica DIGITAL PHOTO STUDIO
လမ်းမတော် ဧချာရာ No.44, လမ်းမတော်လှည်းတန်းလမ်း ☎-224345
ကမာရွတ် ဧချာရာ No.36, ရန်ကုန်အင်းစိန်လမ်း ☎-525314
ကျောက်တံတား ဧချာရာ No.134, ဆူးလေဘုရားလမ်း ☎-256251
ရန်ကင်း ဧချာရာ No.150, ဆရာစံလမ်း ရန်ကင်း။

ဟိုင်းမင်း
စက်မှုလက်မှုနှင့် တိုင်းရင်းဆေးဆိုင်

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့်
စာတမ်းဖတ်ပွဲဖိတ်ကြားခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် စာတမ်းဖတ်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်တိုင်း တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ဖိတ်ကြားစာရရှိခြင်းမရှိပါကလည်း မပျက်မကွက်တက်ရောက်ပါရန် လေးစားစွာမေတ္တာရပ်ခံအပ်ပါသည်။

ကျင်းပမည့်နေ့ရက်	ကျင်းပမည့်အချိန်	ကျင်းပမည့်အကြောင်းအရာ	ကျင်းပမည့်နေရာ
၄-၂-၂၀၀၆	(၀၈း၃၀-၁၇း၀၀) နာရီ	အကြိုစာတမ်းဖတ်ပွဲများ	Myanmar Info - Tech
၅-၂-၂၀၀၆	(၀၈း၃၀-၁၂း၀၀) နာရီ	နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး	(တက္ကသိုလ်များရိပ်သာလမ်း၊ မြဲ)
	(၁၃း၀၀-၁၇း၀၀) နာရီ	စာတမ်းဖတ်ပွဲများ	

မှတ်ချက်။ စာတမ်းဖတ်ပွဲတက်ရောက်မည်ဆိုပါက ကြိုတင်စာရင်းပေးရန်လိုအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

☎ ၅၁၉၆၇၂၊ ၅၁၉၆၇၃၊ ၅၁၉၆၇၅၊ ၅၁၉၆၇၆

မွေးသက္ကရာဇ်အမှန်

အမှတ်(၁၄)၊ ပန်းလှိုင်(၁)လမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးမျိုးနိုင်၏သမီး မအိဇာဖြူ[၁၂/စခန(နိုင်) ၀၆၉၁၆၉] ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၆-၁၉၈၄ဖြစ်ပါသည်။

အမည်ပြောင်းခြင်း

ဦးဖိုလေး၊ ဒေါ်စန်းစန်းငွေတို့၏သား ဘားအံအဝေးသင်တက္ကသိုလ် ပထမနှစ်(ပထဝီဝင်)မှ မောင်ထွန်းမင်းထွန်းအား ယနေ့မှစ၍ မောင်အောင်မင်းဦးဟု ပြောင်းလဲခေါ်ပါရန်။**မောင်အောင်မင်းဦး**

မန္တလေး

ဘုရားဖူး လေ့လာရေးခရီးစဉ်

ယာဉ်ငှားလိုပါက ဆက်သွယ်ပါရန်

ဖုန်း - ၂၄၉၃၈၀ ၊ ၇၂၈၆၁၉



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၇ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ရက်
(၂၀၀၆ခုနှစ်၊ ဇန်နဝါရီလ ၂၃ရက်)

၁။သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအကျိုးအတွက် ၂၀၀၆ခုနှစ် မတ်လတွင် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စီစဉ်ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် သင့်လျော်သည့် အခြေခံရောင်းဈေးသတ်မှတ်သည့် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့် ယှဉ်ပြိုင်ဝယ်ယူကြမည်ဖြစ်၍ နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်လျော်သည့် အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်တင်ပြရောင်းချရန် အထူးလိုအပ်ပါသည်။

၂။မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း အနေဖြင့်လည်း ယခင်ရတနာပြပွဲများနည်းတူ ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပတင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export Earning)အဖြစ် သတ်မှတ်ရေးနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက် ပေးမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ရတနာပြပွဲသို့ ပြည်တွင်း/ပြည်ပမှ ရတနာကုန်သည်များများ တက်ရောက်စေရန် ပြည်တွင်း/ပြည်ပမှ သက်ဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

၃။သို့ဖြစ်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၆ခုနှစ်၊ မတ်လတွင် ကျင်းပမည့် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာများကို ၂၀၀၆ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်မှ ဖေဖော်ဝါရီလ ၁၇ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများကို စစ်ဆေးခြင်းနှင့် အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၄။ရတနာပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)ရန်ကုန်မြို့၊ ကျောက်မျက်ရတနာ တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် ကျောက်စိမ်း/ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါသည်။

၅။ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများကို မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် လမ်းခရီး၌ အခက်အခဲရှိပါက အထက်စာပိုဒ်(၄)ပါ လုပ်ငန်း/ဌာန/ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်၊ ကျောက်စိမ်းဖော်ထုတ်လုပ်ကွက်(အသစ်)များ ကွင်းဆင်းစစ်ဆေးရန်ကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၇ခု၊ ပြာသိုလပြည့်ကျော်(၆)ရက်
(၂၀၀၆ခုနှစ်၊ ဇန်နဝါရီလ ၁၉ရက်)

၁။ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ၏ ကြေညာချက် (၃/၂၀၀၅)အရ အောက်ဖော်ပြပါ ရတနာနယ်မြေအသီးသီးတွင် လျှောက်ထားခဲ့ကြသော ကျောက်မျက်၊ ကျောက်စိမ်းဖော်ထုတ်လုပ်ကွက်(အသစ်) လျှောက်လွှာများကို ကွင်းဆင်းစစ်ဆေးတိုင်းတာရေး အဖွဲ့များက ယှဉ်တွဲဖော်ပြပါ နေ့ရက်မှစတင်၍ ကွင်းဆင်းစစ်ဆေးတိုင်းတာမည် ဖြစ်ပါသည်။

(က) မိုးကုတ်ရတနာနယ်မြေ ၂၀၀၆ခုနှစ် ဇန်နဝါရီလ စတုတ္ထပတ်
(ခ) မိုင်းရှူးရတနာနယ်မြေ ။
(ဂ) နန့်ယားဆိပ်ရတနာနယ်မြေ ။
(ဃ) ခန္တီးရတနာနယ်မြေ ။
(င) မိုးညှင်းဒေသ ။

၂။ရတနာနယ်မြေ/ဒေသများရှိ မော်နှင့် ကွက်ရပ်အလိုက် ကွင်းဆင်းစစ်ဆေးမည့် နေ့ရက်များကို သက်ဆိုင်ရာ ရတနာနယ်မြေ/ဒေသများရှိ ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာန၊ စခန်းရုံးများတွင် ကြေညာထားမည်ဖြစ်ပါသည်။

၃။သို့ဖြစ်ပါ၍ ဖော်ထုတ်လုပ်ကွက်(အသစ်)လျှောက်ထားခဲ့ကြသည့် ကုမ္ပဏီ/အသင်း/ပုဂ္ဂလိကများအနေဖြင့် မိမိတို့လျှောက်ထားခဲ့ကြသော ဖော်ထုတ်လုပ်ကွက်(အသစ်)များကို မြေပြင်တွင် ပြသအစစ်ဆေးခံနိုင်ရန်အတွက် သက်ဆိုင်ရာ ရတနာနယ်မြေ/ဒေသများရှိ ကျောက်မျက်/ကျောက်စိမ်းတူးဖော်ရေးဌာန/စခန်းရုံးများသို့ အထောက်အထားစာရွက်စာတမ်းများနှင့်အတူ အချိန်မီသွားရောက်ဆက်သွယ်သတင်းပို့ကြပါရန် အသိပေးကြော်ငြာအပ်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်။ ၁၃၆၇ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ရက်။
၂၀၀၆ခုနှစ် ဇန်နဝါရီလ ၂၃ရက်။

၁။ ၂၀၀၆ခုနှစ် မတ်လ ၁၅ရက်မှစ၍ (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုပါမည်။

၂။၎င်းအပြင်မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များကို (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကာလအတွင်း ရတနာပြပွဲကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည် ဖြစ်ပါသည်။

၃။ (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများနှင့် ကျောက်မျက်ရတနာများရောင်းချရန် အရောင်းကောင်တာများ ရယူလိုသူများသည် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၁၄ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာဈေးကြီးကြပ်ရေးအဖွဲ့များနှင့် ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း



❖ အောင်မြင်မှုသရဖူဆောင်းလိုသူများအတွက် ❖

ဒေါင်းသရဖူ GCE သင်တန်း

✳ Note စာအုပ်အသစ်များဖြင့်သင်မည် ။

၁၀၅၊ ပ-ထပ်၊ လမ်းမတော်လမ်း၊ သံဈေးရှေ့၊ ရန်ကုန်မြို့ ။ ☎ - 212357, 252821

GLORY Career Training Centre

လက်တွေ့အသုံးချ အင်ဂျင်နီယာသင်တန်းများ

1. အသုံးချ အီလက်ထရောနစ်သင်တန်း
2. တီဗွီ၊ ဗီဒီယို၊ ဗွီစီဒီ ဝက်ရှော့သင်တန်း
3. ကြိုးတွေလောင်း သင်တန်း
4. အခြေခံလျှပ်စစ် နှင့် ဝါယာရိန်းသင်တန်း
5. မော်တာ၊ ဒိုင်နမို၊ ထရန်စဖော်မာလက်တွေ့သင်တန်း
6. လေအေးပေးစက်နှင့်ရေခဲသေတ္တာ ပြုပြင်ခြင်းသင်တန်း
7. ဂဟေဆက် သင်တန်း (Arc, Gas, TIG, Pipe)
8. PLC သင်တန်း (OMRON ဝက်နှင့် Sensor မျိုးစုံသုံး၍သင်ကြားမည်)
9. CNC (Computerized Numerical Control) သင်တန်း
10. PIC Microcontroller သင်တန်း
11. Electrical Control Technology Course

☎ 01-373431 E-mail: gctc@mail4u.com.mm

ရောင်းရန်ကြော်ငြာ

ရေဝတီတိုင်းတရားရုံး တရားမဇာရီမှုအမှတ်-၃/၀၅၊ ၄/၀၅၊ ၅/၀၅၊ ၆/၀၅၊ ၇/၀၅၊ ၈/၀၅၊ ၉/၀၅၊ ၁၇/၀၅ အမှုများတွင် ချောင်းသာကမ်းခြေရှိ လင်းသစ္စာဟိုတယ်အမည်ဖြင့် ဖွင့်လှစ်ထားသော ဟိုတယ်အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လေလံကြမ်းခင်းဈေး သိန်းပေါင်း- ၅၅၀၀ (သိန်းပေါင်းငါးထောင့်ငါးရာ)ဖြင့် လေလံတင်ရောင်းချရန်အတွက် ၈-၂-၂၀၀၆နေ့ နံနက် ၁၀ နာရီအချိန်တွင် ချောင်းသာကမ်းခြေရှိ လင်းသစ္စာဟိုတယ် အဆောက်အအုံရှေ့တွင် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးသန်းကျော်

ဖုန်း-၀၉၉၉၂၄၈၀၄၊ ၀၁-၂၄၅၉၅၂၊ ၀၉၅၁၀၅၁၅၆၊ ၀၁-၄၄၁၂၇၅၀။

ပုပ္ပားမြို့ပေါ် မြေကွက်ရောင်းမည်

တည်းခိုခန်းဆောက်ရန်၊ ရုပ်ရှင်စတူဒီယိုဆောက်ရန်၊ အဝေးပြေးကားဂိတ်၊ ထမင်းဆိုင်ဆောက်ရန်၊ ဘာသာရေးအဆောက်အအုံဆောက်ရန်၊ ဥယျာဉ်ခြံမြေစိုက်ပျိုးရန် သင့်လျော်သော ၂၄၀' X ၂၀၀' ပေအကျယ်ရှိ နှစ်(၉၀)ဂရန်မြေကွက်ကို ဈေးပေါပေါဖြင့် ရောင်းမည်။

ဆက်သွယ်ရန်- ၀၁-၃၇၂၆၆၀၊ ၀၉၅၀၀၀၃၀၅

ကျေးဇူးတင်လွှာ

၂၈-၁-၂၀၀၅ (စနေနေ့) တွင်ဖွင့်လှစ်ခဲ့သော **GEMINI Computer Sales, Service & Training Centre** ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်ခဲ့ကြသော ဌာနဆိုင်ရာ အသီးသီးမှဂုဏ်သရေရှိ လူကြီးမင်းများ၊ ကုမ္ပဏီအသီးသီးမှ ဖိတ်ကြားထားသော တာဝန်ရှိ ပုဂ္ဂိုလ်များ၊ သတင်းနှင့်စာနယ်ဇင်းမှ ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော မိတ်ဆွေ သင်္ဂဟများအားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါသည်။

ကြွရောက်လာသော ဧည့်သည်တော်များနှင့် မိတ်ဆွေများအပေါ်၌ ဧည့်ဝတ်မကျေပွန်မှုများ၊လစ်ဟာမှုများရှိခဲ့ပါလျှင် နားလည်ခွင့်လွှတ်ပေးပါရန် အနူးအညွတ်တောင်းပန်အပ် ပါသည်။

GEMINI COMPUTER CENTRE (မိသားစု)

ကမာရွတ်ဒေါ်သာထက်အထက်တန်းကျောင်း ကျောင်းသား/သူဟောင်းများ၏ အာစရိယပူဇော်ပွဲ ၂၀၀၆ ခုနှစ် ဖိတ်ကြားလွှာ

ကမာရွတ် ဒေါ်သာထက် အထက်တန်းကျောင်း၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ၂၀၀၆ခုနှစ် အာစရိယပူဇော်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် – ၂၀၀၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ရက် (စနေနေ့)
ကျင်းပမည့်နေ့ရက် – မွန်းလွဲ ၁နာရီ
ကျင်းပမည့်နေရာ – စွမ်းအင်ဝန်ကြီးဌာန မွှောရုံကြီး (ဗဟန်း၃ လမ်းထိပ်၊ ကန်တော်ကြီးဓာတ်ဆီဆိုင်ရှေ့)

ဆက်သွယ်လှူဒါန်းရန်

၁။ ဦးကိုကိုလေး (တရားရုံးချုပ်ရှေ့နေ) ၀၉ ၅၁၄၉၆၅၀ ၅၂၄၀၇၃
၂။ ဦးစံသူ ၅၇၈၉၂၁
၃။ ဦးတင်မောင်ဆန်း ၅၃၄၅၇၈
၄။ ဦးစံရွှေ ၅၃၅၄၇၉

အာစရိယပူဇော်ပွဲကျင်းပရေးအဖွဲ့

သဒ္ဓမ္မဇောတိကာရုံ + သဘာဝ စာပြန်ပွဲနှင့်စာအောင်ဆုနှင်းသဘင်အခမ်းအနား

သမိဒ္ဓေါဒယ သုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်ကျောင်းတိုက်၌ (၆၂)ကြိမ်မြောက် သဒ္ဓမ္မဇောတိကာရုံ+သဘာဝ နှစ်ဌာန စာမေးပွဲကို ၄-၂-၂၀၀၆၊ စနေနေ့ နံနက် ၈း၀၀နာရီမှ စတင်ဖွင့်လှစ်ပြီး စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ၁၂-၂-၂၀၀၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၀၀နာရီတိတိအချိန်၌ ကျင်းပမည်ဖြစ်ပါ၍ အလှူရှင်များကိုယ်တိုင် ကြွရောက်ကြည်ညိုကြပါရန် မေတ္တာရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။

နာယကဆရာကြီးများ
ဒေါ်ဉာဏစာရီမြန်အောင်ကျောင်းတိုက်
ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ဒေါက်တာမိုလာအား 'သွားနှင့်ခံတွင်းအကြောင်း သိကောင်းစရာ'စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု (အသုံးချသိပ္ပံ) ချီးမြှင့်ခံရခြင်းအတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်းနှင့် သွားဘက်ဆိုင်ရာ ပညာပေးကဏ္ဍကို ဆက်လက်၍ အကျိုးသယ်ပိုးနိုင်ပါစေကြောင်း ဆုတောင်းလိုက်ပါသည်။

(17th) Batch B.D.S. (1982-86) သွားဘက်ဆိုင်ရာ ကျောင်းသားဟောင်း သူငယ်ချင်းများ

ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၆)ဖြင့် (၂၀၀၆)ခုနှစ် ဇန်နဝါရီလ ၄ရက် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် **ဒေါ်သောင်းသောင်းညွန့်နှင့် ဒေါ်သန်းသန်းစိန်(၂၆ ဌာနာလမ်း၊ မကျည်းတန်းမြောက်/အနောက်) ကြည့်မြင်တိုင်မြို့နယ်** ညီအစ်မနှစ်ဦးအား နိုင်ငံတော်က ပေးအပ်ချီးမြှင့်သည့် **လူမှုထူးချွန်(တတိယဆင့်)** ချီးမြှင့်ခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးလှရွှေ–ဒေါ်ဝေဝေမြင့်
ပုဇွန်တောင်

ပုသိမ်တက္ကသိုလ်ကျောင်းသားဟောင်းများ တွေ့ဆုံပွဲကျင်းပမည့်ဖိတ်ကြားလွှာ

ပုသိမ်တက္ကသိုလ် ရွေရတုအကြိုအဖြစ် မြန်မာနိုင်ငံအနှံ့အပြားမှ ကျောင်းသူ၊ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်– ၅-၂-၂၀၀၆(တနင်္ဂနွေနေ့)
အချိန်– နံနက်(၉း၀၀)နာရီ
နေရာ– ကန်သာယာ(ဘွဲ့နှင်းသဘင်ခန်းမ)
ပုသိမ်တက္ကသိုလ်

(၄-၂-၂၀၀၆)စနေနေ့ အကြိုမိတ်ဆုံစားပွဲအမီ ကြွရောက်ပါရန် မော်တင်ဆောင်တွင် တည်းခိုရေး စီစဉ်ထားပါသည်။

အကျိုးတော်ဆောင်အဖွဲ့
ဖုန်း–၀၄၂–၂၁၃၀၅။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မြင်းခြံခရိုင်တရားရုံး
၂၀၀၅ခုနှစ် တရားမဇာရီမှုအမှတ်–၁၀

မန်နေဂျာ		၁။ ဦးဌေးဝင်း
မြန်မာ့စီးပွားရေးဘဏ်	နှင့်	၂။ ဒေါ်ခင်ယုဝေ
ကျောက်ပန်းတောင်း		သာယာအေးရပ်၊
		ကျောက်ပန်းတောင်းမြို့။
တရားနိုင်		**တရားရှုံးများ**

၂၀၀၀ပြည့်နှစ် တရားမကြီးမှုအမှတ်–၂၇တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၂၇ရက်နေ့ မြန်မာသက္ကရာဇ် (၁၃၆၇ခုနှစ် တပေါင်းလဆန်း ၁ ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်၊ ကွင်းအမှတ်(၂၀၆၆/တွင်းမ)ကွင်း၊ မြေကွက်အမှတ်–၆၆/၁၃၉၊ဧရိယာ(၀ဒသမ၁၁၉)ဧကရှိ မြို့မြေနှင့် ၎င်းမြေကွက်ပေါ်ရှိ ထပ်ချင်းနံကပ်တိုက် (၁)လုံး။

ကြမ်းခင်းဈေး (၃၀)သိန်း

ရောင်းချရန် စည်းကမ်းချက်များ

(၁)စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂)လေလံတင်ရောင်းရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်သည်။

၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁၇ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ခင်စိုးယု
ဒုတိယခရိုင်တရားသူကြီး
မြင်းခြံခရိုင်တရားရုံး
မြင်းခြံမြို့

i B S Computer
TRAINING SALE & SERVICE CENTRE

- Summer Course For Kids
- Window XP Course
- DTP Course
- Graphic Design Course
- Database Course
- Auto CAD Course
- Accpac Plus 6.1
- Programming Course
- Hardware (A+) Course
- E-mail & Internet Course

Chinese-English Speaking, Computer ... Computer ... Graphic ... Job Training ... Company ... Computer ...

အမှတ်(၂၄)၊ ၁၄၄လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်ဆင်း) ☎ 296266, C/O 293697
E-mail: cthuhtun@mail4u.com.mm

Software Engineering Level I

Software Engineer ကောင်းတစ်ယောက်ဖြစ်လိုပါသလား...?
Software Engineer ... Software ...

ACE Data Systems တွင် သင်တန်းတက်ပါ

Opening Date : Feb. 4
Sat-Sun (Section)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးတင်ထွဋ်–(ဒေါ်မြင့်မြင့်သန်း)၊
(ဦးသန်းမြင့်)–ဒေါ်ညွန့်ညွန့်တို့၏မြေး၊
မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၁၂၄)နေ
ဦးဌေးဦး(M.D ရွှေချမ်းသာဒေါင်းမင်းကုမ္ပဏီလီမိတက်၊ ဒု-ဥက္ကဋ္ဌ(၂)၊
မူဆယ်–နမ့်ခမ်း၊ နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း)–ဒေါ်ကြူကြူမြင့်
(M.D ခေတ်ဆန်းစိန် ကုမ္ပဏီလီမိတက်)တို့၏ သားထွေး၊
ဗိုလ်ကြီးမြတ်မိုး–မနန်းနွယ်ဦး တို့၏မောင်၊
ကိုနေလင်းဦး(**Director** ရောင်နီမိသားစုကုမ္ပဏီလီမိတက်)–မနှင်းကြည် တို့၏ညီ
မောင်ချမ်းသာဦး Second Year (English)
Director, Shwe Chan Thar Daung Min Co., Ltd.
နှင့်
ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ဝင်းနေ
ဦးတင်မောင်ညွန့်(ဒုတိယပါမောက္ခချုပ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)–ဒေါ်မြမူ
တို့၏ သမီးထွေး
မသီတာ B.A (English)
Diploma in Accounting (LCCI, UK)

တို့၏ ၂၉-၁-၂၀၀၆ရက်နေ့တွင် "International Business Centre" ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော တရားရုံးချုပ် တရားသူကြီး ဒေါက်တာ တင်အောင်အေးနှင့်ဇနီး ဒေါ်ခင်ဝင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းနှင့်ဇနီး ဒေါ်သဇင်နွယ်၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုး၏ဇနီး ဒေါ်ခင်မိမိလေး၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ သာသနာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့်ဇနီး ဒေါ်မြင့်မြင့်ရီ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်စောဝင်းနှင့်ဇနီး ဒေါ်သန်းသန်းဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့်ဇနီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အငြိမ်းစားပုဂ္ဂိုလ် ဦးသိန်းလွင်၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အခြေခံပညာဦးစီးဌာန(အောက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ စစ်ဘက် နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ပညာရေးဝန်ထမ်းမိသားစုများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၂-၁-၂၀၀၆ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော စေ့စပ်မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာစေ့စပ်လက်စွပ်ကို ဆင်မြန်းပေးပါသော ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ဦးဝင်းအား လည်းကောင်း၊ ၂၁-၁-၂၀၀၆ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာ တင်အောင်အေးနှင့် ဇနီးဒေါ်ခင်ဝင်း၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးသော ဗိုလ်မှူးကျော်ဇင်ဝင်း၊ မသဥ္ဇာမောင်တို့အားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း လက်ဖွဲ့ပေးပို့ချီးမြှင့်အပ်ပါသော စစ်ဘက် နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများ၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးတေးသီချင်း သီဆိုပေးသော တေးသံရှင်ခွန်းယဉ်ဝင်း၊ စန္ဒရားဒေါက်တာ သိန်းမြင့်သန်း၊ တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာပန်းကြိုပေးသော မရွှေပြည့်အိမ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မမေဖြူလွင်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မခင်မြတ်နိုး၊ သတို့သားအရံ မောင်ရန်အောင်ဇော် သတို့သမီးအရံ မစိမ့်ဝေထွန်း၊ မိတ်ကပ်ဆံပင်အလှဆင်ပေးသော မိတ်ကပ် ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ မလတ်လတ်၊ ပန်းအလှဆင်ပေးသော ဒေါ်မြင့်မြင့် (ဟိုတယ်ဇနီး)၊ ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင်ရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့် IBCအဖွဲ့သားများအားလည်းကောင်း၊ IBC မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာကိစ္စအဝဝအား ဝိုင်းဝန်းကူညီ ပံ့ပိုးပေးကြသော ဆွေမျိုးမိတ်သင်္ဂဟ များအားလုံးကို နှစ်ဖက်မိဘများနှင့် ကျွန်တော်ကျွန်မတို့က လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ချမ်းသာဦး–မသီတာ

မြေကွက်အကျယ်ဈေးလျှော့ရောင်းမည်

၁၈၀'°°x°၄၅၀' ပေအကျယ်ရှိ အုတ်တံတိုင်း လေးဘက်ကာရံထားသော အိမ်ယာမြေကွက်ကြီးအား ဈေးပေါပေါဖြင့်ရောင်းပါမည်။

ဆက်သွယ်ရန်–၀၁–၃၇၂၆၆၀၊ ၀၉၅၀၀၀၃၀၅

သဘာဝဓာတ်ငွေ့သုံး(CNG) City Bus နောက်ဆုံးနံပါတ် တစ်စီး ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဖုန်း–၆၄၂၀၉၄

လိပ်ခေါင်းဝေဒနာရှင်များအတွက် သတင်းကောင်း

အောင်မင်္ဂလာဆေးကုခန်းမှာ နောက်ဆုံးပေါ်ဆေးကိုထိုးပြီး လိပ်ခေါင်းရောဂါကုသပေးပါသည်။ ဆေးတစ်ကြိမ်ထိုးရုံဖြင့် (၁–၃) ရက်အတွင်း လိပ်ခေါင်းဟာကျပြီး ကြွေကျသွားပါမည်။ ဆေးထိုးချိန်သည် တစ်မိနစ်သာကြာပြီး နာကျင်မှုလုံးဝမရှိပါ။ ဆေးရုံတက်စရာမလိုပါ။ အလုပ်ကိုလည်းမထိခိုက်ပါ။ ရောဂါပျောက်သွားပြီး နောက်တစ်ကြိမ် ထပ်မဖြစ်နိုင်တော့ပါ။

ဆေးခန်းဖွင့်ချိန် ◇ နံနက် (၉း၀၀)နာရီမှ မွန်းတည့် (၁၂း၀၀)နာရီထိ
◇ ညနေ (၃း၀၀)နာရီမှ ည(၇း၀၀)နာရီထိ

Ph : 251296
09-51-42050

လိပ်စာ – အမှတ်(111)၊ ဆူးလေဘုရားလမ်း(အပေါ်ဘလောက်)၊ ရန်ကုန်မြို့။

F.M.A. 2.2.1981 – 2.2.2006 LANGUAGE SCHOOL 25th. ANNIVERSARY

G.G.A ကျောက်မျက်သင်တန်း

- ၁၉၉၁မှ စတင်တည်ထောင်သည်။
  (၁)လသင်တန်း လစဉ်လဆန်း ၅ရက်နေ့စမည်။
- စာသင်ချိန် နာရီ ၉၀၊ စာသင်ချိန်အများဆုံး သင်တန်းဖြစ်သည်။
- သင်တန်းအရွေးမမှားစေရန်
- G.G.A တွင် အသေးစိတ် စုံစမ်းပါ။
- ထူးခြားသည်ထင်မှ G.G.A ကိုတက်ပါ။

စုံစမ်းရန်–၄၇၄/၄၇၆၊ မဟာဗန္ဓုလလမ်း၊ ဖုန်း–၂၅၄၄၁၀၊ ၀၉ ၅၀၀ ၉၅၁၉

အမြန်ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပြီးစီးပါကြောင်း

ကြေးမုံသတင်းစာ စာမျက်နှာ(၁၇)တွင် ၁၆–၁–၂၀၀၆နေ့၌ ဦးလှသူ (MGN–၁၀၂၈၈၈) အမှတ်(၈၇)၊ ၅၁လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၏ ညွှန်ကြားချက်အရ တရားရုံးချုပ်ရှေ့နေနှင့် ဥပဒေအကြံပေး ဦးတိုးဝင်း ထည့်သွင်းခဲ့သည့် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာ အဝေးပြေးကားဂိတ်အဆောင် (၈)၊ အခန်း(၆–အေ)၊ ကားဂိတ်ခန်းနှင့်ပတ်သက်၍ မုဒုံမြို့၊ ၂၄/သံလွင်လမ်း၊ အရပ်ာလမ်းသွယ်၊ မြို့မ(၃)နေ ဦးမြင့်ထွန်း [၁၀/မဒန(နိုင်)၀၁၀၆၅၇] (ဥက္ကဋ္ဌ၊ ဆင်ဖြူတော် မော်တော်ယာဉ်အုပ်ချုပ်ရေးအသင်းမှုဒုံ၊ ရန်ကုန်)အနေဖြင့် ၂၃–၁–၂၀၀၆နေ့တွင် လာရောက်ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ဦးလှသူ (MGN–၁၀၂၈၈၈)၊ ဦးမြင့်ထွန်း(၁၀/မဒန(နိုင်)၀၁၀၆၅၇)တို့၏ ညွှန်ကြားချက်အရ–

ဦးတိုးဝင်း
(ဝိဇ္ဇာဘွဲ့) (ဥပဒေ) (ဥပဒေဘွဲ့ရ)
တရားရုံးချုပ်ရှေ့နေနှင့် ဥပဒေအကြံပေး

ရုံး	**အိမ်**
အမှတ်–၆၀၊ မဟာဗန္ဓုလပန်းခြံလမ်း၊	**ခြံအမှတ်(၂၈၉–အေ)၊**
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။	**ရွှေနှင်းဆီလမ်း၊ (၅)ရပ်ကွက်၊**
ဖုန်း–၃၇၈၆၀၁	**(၉)မိုင်၊မရမ်းကုန်းမြို့နယ်၊**
Fax: ၉၅၁–၂၄၅၉၃၁	**ရန်ကုန်မြို့။ ဖုန်း–၆၆၆၇၉၅**
	၀၉၅၁–၄၄၂၆၇

(၃၁–၁၂–၂၀၀၅)နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)ပါ တရားရုံးချုပ်ရှေ့နေ ဦးအေးလွင်(မိုးဟိန်းကျော်)နှင့် အထက်တန်းရှေ့နေ ဒေါ်စိုးစိုးမိုး၏ ပြန်လည်ရှင်းလင်း ကြေညာချက်အား ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်ုပ်တို့၏အမှုသည် ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၉)နေ ဦးချဲလယား(ခ)ဦးမောင်မြင့် [၇/သနပ(နိုင်)၀၇၂၇၂၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

(၃၁–၁၂–၂၀၀၅)နေ့ထုတ် ကြေးမုံသတင်းစာတွင် မော်တော်ယာဉ်အမှတ် ၆ခ/၃၃၅၃နှင့် ၆ခ/၃၀၂၉ နစ်ဆန်းဒီဇယ် (၁၂)ဘီးကားများနှင့် ပတ်သက်၍ ကြေညာခဲ့ခြင်းအပေါ် ဦးချဲလယား(ခ)ဦးမောင်မြင့်နှင့်သားဖြစ်သူ ဘဲလူးဆာမိ (ခ) မြင့်သန်းတို့သည် ၁၃–၁–၂၀၀၆နေ့စွဲပါ နှစ်ဖက်သဘောတူ ကတိစာချုပ်ချုပ်ဆို သဘောတူညီကြပြီးဖြစ်သဖြင့် ၃၁–၁၂–၂၀၀၅နေ့ထုတ် ကြေးမုံသတင်းစာပါ ပြန်လည်ရှင်းလင်း ကြေညာချက်အား ယနေ့ဤကြော်ငြာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

ဦးချဲလယား(ခ) ဦးမောင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးအေးလွင်(မိုးဟိန်းကျော်)	**ဒေါ်စိုးစိုးမိုး**
LL.B (ဥပဒေဘွဲ့)	**LL.B (ဥပဒေဘွဲ့)**
တရားရုံးချုပ်ရှေ့နေ	**အထက်တန်းရှေ့နေ**
အမှတ်(၂၃)၊တရုတ်ကျောင်းလမ်း၊	**အမှတ်(၅၀)၊အခန်း(E-11)(ပ)ထပ်၊**
စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။	**ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့**

အများပြည်သူသိစေရန်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ ခရစ်ယာန်ရပ်ကွက်၊ အမှတ်(၁၅)နေ အဘဦးချဲလယား (ခ) မောင်မြင့်၏သား ဦးဘဲလူးဆာမိ(ခ) ဦးမြင့်သန်း [၇/သနပ(နိုင်) ၀၈၁၇၄၃]နှင့် အဘ ဦးမောင်အေး၏ သမီး ဒေါ်နန်းခမ်းမိုင်[၁၃/မစတ(နိုင်)၀၃၁၉၁၈] ဇနီးမောင်နှံတို့၏လက်ဝယ်တွင် နစ်ဆန်းဒီဇယ် (၁၂)ဘီးတပ်ကြက်သွေးရောင်ယာဉ်အမှတ်(၆ခ/၃၃၅၃)နှင့် နစ်ဆန်းဒီဇယ် (၁၂)ဘီးတပ် အပြာရောင်အမှတ်(၆ခ/၃၀၂၉)ယာဉ်(၂)စီးမှာ ယာဉ်မှတ်ပုံတင်စာအုပ်အပါအဝင် ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်အတူ ၁၃–၁–၂၀၀၆နေ့ တွင် လက်ဝယ်ရရှိပြီးဖြစ်၍ နောက်နောင်တွင် ၎င်းယာဉ်(၂)စီးနှင့် ပတ်သက်၍ မဟုတ်မမှန် လုပ်ဆောင်ကြေညာခြင်းများ ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးစိုးမြင့် LL.B တရားရုံးချုပ်ရှေ့နေ (စဉ်–၆၉၁၃)
အမှတ်(၃) မြေညီထပ်၊၃၄ လမ်း(အောက်လမ်း)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

OD Tour အဆင့်မြင့်ခရီးစဉ်များ

ရွှေလီခရီးစဉ် Feb.10 /24 ပုပ္ပားတောင် Feb.9 /24
တောင်ကြီးခရီးစဉ် Feb.9 /10 /24 ငွေဆောင် (အပတ်စဉ်)
ရွှေစက်တော် Feb.1 /3 /10 ကျိုက်ထီးရိုး(ရှယ်) Feb.3 /10
Feb 10 /24
(Air Line) Feb 10 /17
Daily Feb.18 / Flight Feb16
No.52

ရုပ်ပျို တိုင်းရင်းဆေး
သွေးတိုးရောဂါ ဆေးပြား

BRIGHTER
ခန်းဆီး၊ ကန့်လန့်ကာ အလှဆင်လုပ်ငန်း
☎ -
Remote Control
Remote Control

ပြည်ပအလုပ်အကိုင်ကြော်ငြာ

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော T & Y Enterprise ၏ စီစဉ်ဆောင်ရွက်မှုဖြင့် စင်ကာပူနိုင်ငံ PSA Corporation ၌ ကွန်တိန်နာနောက်တွဲဆွဲယာဉ်ကြီးများ မောင်းနှင်ရန်အတွက် အောက်ပါအချက်များနှင့် ပြည့်စုံသော မြန်မာနိုင်ငံသား(အမျိုးသား)များ အလိုရှိပါသည်။

(က) လိုအပ်သောဦးရေ	– (၈၀)ဦး
(ခ) အသက်	– ၂၀ မှ ၄၀ နှစ်
(ဂ)ပညာအရည်အချင်း	– အခြေခံပညာအထက်တန်း (၁၀)တန်း အောင်မြင်ပြီးဖြစ်ရမည်။
(ဃ) အခြားလိုအပ်ချက်	–အင်္ဂလိပ်စကားကျွမ်းကျင်စွာ ပြောဆိုတတ်ရမည် (နိုင်ငံခြားသားအလုပ်ရှင်မှ လူတွေ့စစ်ဆေးမည်)
	–"င" အဆင့်(အနီ) ယာဉ်မောင်းလိုင်စင် ရှိရမည်
	– ကွန်တိန်နာနောက်တွဲဆွဲယာဉ်ကြီးများမောင်းနှင်နိုင်သော ယာဉ်မောင်းကျွမ်းကျင်မှုရှိရမည် (ကွန်တိန်နာယာဉ်မောင်း လက်တွေ့စစ်ဆေးမည်)
(င) အခြေခံလစာ	– ၅၅၀ စင်ကာပူဒေါ်လာ
(စ) လုပ်ငန်းခွင်ခံစားခွင့်	– ၂၈၀ စင်ကာပူဒေါ်လာ
(ဆ) အချိန်ပိုလုပ်ခ	– ၂၀၀ စင်ကာပူဒေါ်လာ(လစဉ်ခန့်မှန်းရရှိ)
(ဇ) ဝန်ဆောင်ခ	–၂၂၀၀ စင်ကာပူဒေါ်လာနှင့်ညီမျှသောကျပ်ငွေ

၂။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး)များနှင့် ကျန်ပြည်နယ်/တိုင်းများရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင် ၁၃–၂–၂၀၀၆ရက် နောက်ဆုံးထား၍ ပေးပို့တင်သွင်းရမည်။

၃။ အသေးစိတ် အချက်အလက်များကို အထက်ဖော်ပြပါ အလုပ်သမားရုံးများနှင့် T & Y Enterprise ရုံး၊ အခန်း(၀၂–၀၃)၊ ပ–ထပ်၊ အာရှပလာဇာရှော့ပင်းစင်တာ၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်သို့ လူကိုယ်တိုင် လာရောက်ပြီး စုံစမ်းသိရှိနိုင်ပါသည်။

STI Education *International*

❖ Diploma in Management
❖ Certificate in Hospitality
❖ Certificate in TEFL
(Teaching English as a Foreign Language)
❖ Diploma in TESOL
(Teaching English to the speakers of other Language)

February

Building-4, Room-7, Myanmar Info-Tech(MICT Park), Hlaing Campus, Yangon.
Tel: 50 70 46

Eastern Queen
ချောင်းသာခရီးစဉ် - 35000/-
ငွေဆောင်ခရီးစဉ် - 30000/-
Feb : 10th, 17th
(ကား + ဟိုတယ် + စားစရိတ်)
☎: 556683, 09-99-20107

RUBY 725317, 650823

ဟော်ဝင်နှင်းဆီ
☎ 380183, 380821

STARLITE® WINDOWCOVERINGS
Vertical-Venetian Blinds & Curtains
☆100% Pure Myanmar Cotton

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၅ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၁၃၈

၁။ ဦးထွန်းလှ(ခ)လင်ချွန်ဟိန်း	နှင့်	၁။ ဦးတင်စိန်(ခ)လင်တိန်ဆောင်
၂။ ဒေါ်ခင်ခင်ဆွေ(ခ)ဝေါင်လီလန်		၂။ ဒေါ်ဝမ်အိမ်(ခ)တောင်ဝမ်အင်း
တရားလိုများ		**တရားပြိုင်များ**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်–၅၈၈တွင်နေထိုင်သူ (ယခုနေရပ်လိပ်စာမသိသူ)တရားပြိုင်များဖြစ်သော ဦးတင်စိန် (ခ) လင်တိန်ဆောင်နှင့် ဒေါ်ဝမ်အိမ် (ခ) တောင်ဝမ်အင်းတို့ သိစေရမည်။

